ကြေးမုံ
The Mirror

၁၃၆၉ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်၊ သောကြာနေ့ (4-4-2008)(၅၆၄၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေးဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
t နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	t စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	t တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
t အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး	t ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	t အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
t ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	t ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး	t မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
t ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	t နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	t တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနားမြို့တွင် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်

နေပြည်တော် ဧပြီ ၃

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြစ်ကြီးနားမြို့ ကျွန်းပင်သာရပ်ကွက် သစ္စာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ ရက် နံနက် ၉ နာရီက အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့် တက်ရောက်သည်။ အဆိုပါလမ်းသစ်မှာ အရှည် ပေ ၁၃၀၀ ၊ အကျယ် ၁၂ ပေရှိ ကတ္တရာလမ်းအမျိုးအစားဖြစ်ပြီး လမ်းသစ်ဖောက်လုပ်နိုင်ရန် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ကတ္တရာဖိုး ငွေကျပ် ၃၇၇၀၀၀၀နှင့် ရပ်ကွက်နေပြည်သူများက ပူးပေါင်းထည့်ဝင်ငွေကျပ် ၆၀၅၆၀၀၀ ဖြင့် စုစုပေါင်းငွေကျပ် ၉၈၂၆၀၀၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြု အောင်မြေသာစံမြို့နယ် ကိုယ့်အားကိုယ်ကိုး
ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၃

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူဆောင်ရွက်ခဲ့သော မန္တလေး အောင်မြေသာစံမြို့နယ် (၇၆)လမ်း (စည်သာလမ်း) (၁၂ လမ်းမှ အိုးဘိုအထိ) ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မတ် ၂၅ ရက် နံနက် ၈ နာရီခွဲတွင် အဆိုပါလမ်းသစ်မုခ်ဦးထိပ်၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီအတွင်းရေးမှူးတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❑

ဖဲကြိုးဖြတ်ဖွင့်လှစ်

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် မန္တလေး မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့ အောင်မြေသာစံမြို့နယ်၊ ၇၆လမ်း(စည်သာလမ်း) (၁၂လမ်းမှ အိုးဘိုထိ) ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃-၄-၂၀၀၈

ရွှေကျင်	၂ ဒသမ ၅၅ လက်မ
မိုးကုတ်	၁ ဒသမ ၄၂ လက်မ
မှော်ဘီ	၁ ဒသမ ၁၄ လက်မ
သီပေါ	၁ ဒသမ ၁၀ လက်မ

ပြည်ပြေး သောင်းကျန်းသူဘဝကနေ အကြမ်းဖက်သောင်းကျန်းသူအဖြစ် ရောက်သွားလေ့ရှိ

“သူခိုးကြီးတော့ ဓားပြ၊ ဓားပြကြီးတော့ သူပုန်လို့အဆိုရှိပေမယ့် မြန်မာနိုင်ငံမှာကျတော့ နိုင်ငံရေးသမား တော်တော်များများဟာ ပြည်ပြေးသောင်းကျန်းသူဘဝကနေ အကြမ်းဖက် သောင်းကျန်းသူအဖြစ် ရောက်သွားလေ့ရှိတာကို သတိပြုမိပါတယ်။”

လေ့လာသူတစ်ဦး၏ **“ဘေးရန်ဆီးကာ…ရမည်သာ”**

(ဆောင်းပါး) စာမျက်နှာ-၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

(၄-၄-၂၀၀၈)
သောကြာနေ့

စီးပွားရေး စင်္ကြံလမ်းကြောင်းများ ထူထောင်ဖွင့်လှစ် မဟာမဲခေါင်ဒေသ လူမှုစီးပွားဖွံ့ဖြိုးရေးမြှင့်တင်

မျက်မှောက်အချိန်အခါတွင် ကမ္ဘာ့နိုင်ငံများ ဆက်စပ်ယှက်နွယ် ပြောင်းလဲတိုးတက်လာမှုများနှင့်အတူ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ ကာကွယ်ရေး၊ ဒေသတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပူးပေါင်းဖော်ဆောင်နေကြသည်။

မဟာမဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့သည် ဒေသတွင်း ကုန်သွယ်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် ဒေသတွင်း အထွေထွေ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ ပူးပေါင်းဖော်ဆောင်မှုဖြင့် လယ်ယာစိုက်ပျိုးရေး၊ စွမ်းအင်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သယ်ယူပို့ဆောင်ရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးတို့တွင် တိုးတက်မှုများ ရရှိနေသည်။

ယခုအခါ မဟာမဲခေါင်ဒေသတွင်း နိုင်ငံများအတွင်း တောင်-မြောက် စီးပွားရေးစင်္ကြံလမ်းကြောင်း အပိုင်း(၃)ဖြစ်သည့် ဗန်ကောက်-ကူမင်းစင်္ကြံလမ်းရှိ လာအိုနိုင်ငံအတွင်းလမ်းပိုင်းကို ဖွင့်လှစ်နိုင်ပြီဖြစ်သည်။ ထို့ပြင် မဟာမဲခေါင်ဒေသတွင်း၌ သတင်းအချက်အလက် ဆက်သွယ်ရေး အမြန်လမ်းကြောင်းကွန်ရက်စီမံကိန်း အဆင့်(၁)လည်း ပြီးစီးနေပြီဖြစ်သည်။

မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်း နိုင်ငံများအကြား စီးပွားရေးစင်္ကြံလမ်းကြောင်းကြီးများကို ထူထောင်လုပ်ကိုင်လျက်ရှိရာ သယ်ယူပို့ဆောင်ရေး တိုးတက်ကောင်းမွန်လာခြင်းနှင့်အတူ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့လာလျက်ရှိသည်။ မြန်မာနိုင်ငံတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့များ ရှာဖွေတူးဖော်ခြင်း၊ ဆိပ်ကမ်းလုပ်ငန်း၊ စက်မှုဇုန်လုပ်ငန်းများ၊ အခြားအခြေခံအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ခွင့်ပေးထားရာ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ရင်းနှီးမြှုပ်နှံသူများ ပူးပေါင်း၍ ရေအားလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းများ ဆောင်ရွက်လျက် ရှိသည်။

မကြာသေးမီက ကျင်းပပြီးစီးခဲ့သည့် မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ ထိပ်သီးအစည်းအဝေးတွင် နယ်စပ်ဖြတ်ကျော်၍ လျှပ်စစ်ဓာတ်အားကုန်သွယ်မှု အကောင်အထည်ဖော်ခြင်း လမ်းပြမြေပုံဆိုင်ရာ နားလည်မှုစာလွှာ၊ မဟာမဲခေါင်မြစ်ဝှမ်း တောင်-မြောက် စီးပွားရေးစင်္ကြံ ရေရှည်တည်တံ့ပြီး ညီညွတ်မျှတသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်နှင့် ယင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖွဲ့အစည်းဆိုင်ရာ ဆောင်ရွက်မှုများ ထိရောက်မှု တိုးမြှင့်ရေးသို့ ဦးတည်သည့် နားလည်မှုစာလွှာတို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ရှေ့အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ချမှတ်နိုင်ခဲ့သည်။

မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ၏ ပေါင်းစည်းညီညွတ်မှု အစဉ်အလာ၊ စီးပွားရေးစင်္ကြံလမ်းကြောင်းများ ဖွင့်လှစ်နိုင်ခြင်း၏ အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်လာမှုတို့နှင့်အတူ မဟာမဲခေါင်မြစ်ဝှမ်းဒေသတွင်းနိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးရေးကို ဆက်လက်မြှင့်တင် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း သံဃာ့သုခ သုံးထပ်ကျောင်းဆောင်နှင့် အခြားသောသာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဒေါ်အေးသန်း၏ (၆၇)နှစ်မြောက် မွေးနေ့မင်္ဂလာ အထိမ်းအမှတ်ဖြစ် ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း အရှေ့မြို့သစ် (၁)လမ်းနေ ဦးရဲနောင်-ဒေါ်အေးသန်းမိသားစုက အလှူငွေကျပ် ၁၁၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော်(ဆိပ်ဖြူ) အရှင်ကုမာရ(M.A) (မဟာဓမ္မာစရိယ) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကျေးလက် ကျောက်ချောလမ်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဧပြီ ၃

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ မော်လမြိုင်ကျွန်း-တယ်ချောင်း ကျေးလက်ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁ ရက် မွန်းလွဲပိုင်းတွင် အဆိုပါမုခ်ဦးနေရာ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် တက်ရောက်သည်။



အဆိုပါ မော်လမြိုင်ကျွန်း- တယ်ချောင်းလမ်းမှာ အရှည်ပေ ၇၉၀၀၊ အကျယ် ၁၀ ပေရှိ ကျောက်ချောလမ်းဖြစ်ပြီး တယ်ချောင်းကျေးရွာအုပ်စုအတွင်းရှိ တယ်ချောင်းကျေးရွာ၊ နတ်စင်ချောင်းကျေးရွာ၊ ကွင်းချောင်းကျေးရွာ၊ ကျွန်းခင်မကျေးရွာ၊ စော်ကဲချောင်းကျေးရွာများနှင့် မော်လမြိုင်ကျွန်းမြို့သို့ဆက်သွယ်ထားသော ကျေးရွာချင်းဆက်လမ်းတစ်လမ်းဖြစ်ကာကျေးရွာအုပ်စု (၄)စု၊ ကျေးရွာပေါင်း(၂၉) ရွာအနေဖြင့် ရာသီမရွေး မော်လမြိုင်ကျွန်းမြို့ပေါ်သို့လွယ်ကူချောမွေ့စွာသွားလာနိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးသည် မော်လမြိုင်ကျွန်းမြို့နယ်ခန်းမ၌ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့မိ၊ မြို့ဖများအား တွေ့ဆုံ၍ နိုင်ငံတော်အစိုးရကပြည်သူများအတွက် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုဒေသများ အကြား အလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်ပေးနေမှုများကို ဆွေးနွေး ရှင်းလင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်မော်လမြိုင်ကျွန်းမြို့နယ်ရှိမော်လမြိုင်ကျွန်း-တယ်ချောင်း ကျေးလက်ကျောက်ချောလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစဉ်။
(သတင်းစဉ်)

စုပေါင်းရဟန်းခံ၊ ရှင်ပြုပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၃

ပဓာနနာယကဆရာတော် ဘဒ္ဒန္တဓမ္မမိတ္တကို အမှူးထား၍ စစ်တကောင်း ဗုဒ္ဓဘာသာအသင်းက ဦးစီးကျင်းပသော စုပေါင်းရဟန်းခံ ရှင်ပြုအလှူတော်မင်္ဂလာကို ဧပြီ ၁၁ ရက်မှ ၁၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ ဧပြီ၂ရက်နံနက် ၉ နာရီတွင် သိမ်ဆင်းလောင်းလှူပြီး ရေစက်ချတရားတော်နာ ကြွရောက်ပါရန်နှင့် ရဟန်းလောင်း၊ ရှင်လောင်းများနှင့် အလှူရှင်များ ဧပြီ ၉ ရက်နောက်ဆုံးထား၍ ဘဒ္ဒန္တဓမ္မမိတ္တ ဦးစီးပဓာနနာယက ဆရာတော် ၁၅၈၊ အထက်ပန်းဆိုးတန်းလမ်း၊ ကန့်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ စစ်တကောင်းဓမ္မဒူတကျောင်းတိုက် ဖုန်း-၃၇၉၂၁၆၊ ဦးအန်ဂျန်ဘရူးဝါး ဖုန်း-၂၄၂၄၄၈နှင့် ဦးဘီကြူးဘရူးဝါး ဖုန်း-၀၉ ၅၁၈၁၉၉၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁) အင်းယားမြိုင်လမ်းနေ ကိုရှိုင်းသာဌေး-မခိုင်ဇင်လတ် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင်အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင် ဦးဘညာဏ် လက်ခံယူစဉ်။ (က-ပ)

သဲအင်းဂူသကြၤန် ခုနစ်ရက်အဓိဋ္ဌာန်တရားပွဲ

ရန်ကုန် ဧပြီ ၃

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ လစဉ်ကျင်းပမြဲဖြစ်သော အဓိဋ္ဌာန်တရားပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ ဧပြီ ၁၂ ရက်မှ ၁၈ ရက်အထိ ခုနစ်ရက်တရားစခန်းကို ဖွင့်လှစ်မည်ဖြစ်သည်။ စခန်းတွင် ရန်ကုန်မြို့လုံးဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာန ကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တမုနိန္ဒ(ကျိုက်ဝိုင်း) အရှင်သူမြတ်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာ တရားတော်များ ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ကြိုတင်စာရင်းသွင်းရန်နှင့် ဧပြီ ၁၁ရက် (သောကြာနေ့) ညနေ ၅ နာရီ အရောက် မှတ်ပုံတင်ကတ်ပြားများနှင့်အတူ လာရောက်စာရင်းပေးသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လှူဒါန်းနိုင်ကြောင်းနှင့် သီလရှင်၊ ယောဂီ စုစုပေါင်း ၁၅၀သာ လက်ခံမည်ဟု သိရသည်။ (က-ပ)

ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ထောက်ပံ့ငွေချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၃

၂၀၀၈ ခုနှစ် (၆၃) နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ အသက် (၇၅) နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် မသန်စွမ်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ငွေချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၇ ရက် နံနက် ၉ နာရီတွင် ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့် (အငြိမ်းစား)၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်နိုင်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌကအသက်(၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်နှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေများကို လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူး အောင်တင်ဦး (အငြိမ်းစား)က ၂၀၀၇ ခုနှစ် အဆင့်မြင့်နှင့် အခြားအဆင့်သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အဖွဲ့ဝင်များအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ အဖွဲ့စစ်ဆေးရေးမှူး ဗိုလ်မှူးလှထွန်း (အငြိမ်းစား)က ရန်ကုန်တက္ကသိုလ်မှ ဓာတုဗေဒ ဘာသာရပ်တွင် ပါရဂူဘွဲ့ (Ph.D) ရရှိသူ အဖွဲ့ဝင်၏သားဖြစ်သူ မောင်အောင်ဇော်ထွန်း၊ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ၊ မြန်မာနိုင်ငံကိုယ်စားပြု ထူးချွန်အားကစားသမားနှင့် မြို့နယ်ငွေစာရင်းကိုင်တို့အား ဂုဏ်ပြုဆုများကိုလည်းကောင်းပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အသက် (၇၅)နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် တပ်သားစိုးမောင် (အငြိမ်းစား) က ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း
မဖဲ့စကောင်း။ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

❑ ရွှေ့ဖုံးမှ

ထို့နောက် တိုင်းမှူးသည် ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယနေ့ဖွင့်လှစ်သည့် ကတ္တရာလမ်းသစ်သည် အရှည်ပေ ၅၆၃၀ ဖြစ်ပြီး အကျယ် ပေ ၂၀ ဖြစ်သည်။ စုစုပေါင်းငွေကျပ် ၇၃၆၃၈၅၇၂ ကုန်ကျခဲ့ကာ ပြည်သူလူထု ထည့်ဝင်ငွေကျပ် ၄၉၀၉၂၃၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လူထုဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် ဧပြီ ၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား "RIA Novosti" News Agency Columnist Mr. Ivan ZKHARTCHENK ခေါင်းဆောင်သည့် အဖွဲ့ဝင် ငါးဦး ပါဝင်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လူထုဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လူထုဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ ပထမအတွင်းဝန် Mr. Nikolay BARABANOV လည်း တက်ရောက်သည်။ (သတင်းစဉ်)

တွေ့ဆုံ

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား "RIA Novosti" News Agency Columnist Mr. Ivan ZKHARTCHENK ခေါင်းဆောင်သည့် အဖွဲ့ဝင် ငါးဦး ပါဝင်သော ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လူထုဆက်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ကျိုက်ဝိုင်း စေတီတော်မြတ်ကြီး တောင်ဘက်စောင်းတန်းတော်ကြီးဖွင့်ပွဲ

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် အသစ်ဆောက်လုပ်ပြီးစီးသော တောင်ဘက်စောင်းတန်းတော်ကြီးဖွင့်ပွဲ ရေစက်ချမင်္ဂလာ အခမ်းအနားကို ဧပြီ ၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီတွင် စေတီတော်ရင်ပြင်ပေါ်ရှိ အောင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

စောင်းတန်းတော်ကြီး ဆောက်လုပ်ရာတွင် စေတနာထက်သန်စွာ ပါဝင်လှူဒါန်းခဲ့ကြသော အလှူရှင်များအနေဖြင့် ဖိတ်ကြားစာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားထားကြောင်းသိရသည်။ (ကြေးမုံ)

ရွှေပုန်းညက်ရိပ်မွန် အထူးတရားပွဲ

ရန်ကုန် ဧပြီ ၃

နှစ်စဉ် ကျင်းပမြဲဖြစ်သော ရွှေပုန်းညက်အိမ်ရာ မိသားစု၏ အထူးဓမ္မသဘင်ကို ကျင်းပမည်ဖြစ်ရာ ၁၃၇၀ ပြည့်နှစ် တန်ခူးလဆန်း ၂ ရက် (ဧပြီ ၇ ရက်)တွင် စစ်ကိုင်းမြို့ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ က လည်းကောင်း၊ တန်ခူးလဆန်း ၃ ရက် (ဧပြီ ၈ ရက်)တွင် ပန်းတစ်ပွင့်တောင် ဆရာတော် အရှင်ပညာသာရကလည်းကောင်း၊ တန်ခူးလဆန်း ၄ ရက် (ဧပြီ ၉ ရက်)တွင် သီတဂူ ဒေါက်တာအရှင်ကိတ္တိဗလကလည်းကောင်း ညစဉ် ၇ နာရီမှစ၍ ဟောကြားမည်ဖြစ်ကြောင်း ဓမ္မမိတ်ဆွေအပေါင်းအား ဖိတ်ကြားထားသည်။

(က-ပ)

ဓမ္မရက္ခိတဓမ္မာရုံ ဝိပဿနာတရားစခန်း ဖွင့်မည်

ရန်ကုန် ဧပြီ ၃

တာမွေမြို့နယ် ကျောက်မြောင်းကြီးစံပြရပ်ကွက် ဒဂုဏ်သီရိလမ်းနှင့် ဩဘာလမ်းထောင့်ရှိ ဓမ္မရက္ခိတဓမ္မာရုံအသင်းက ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း ဝိပဿနာ ခြောက်ရက်တရားစခန်းကို ဧပြီ ၁၂ရက်မှ ၁၇ ရက် အထိ အောင်ခြင်းဆရာတော်နှင့် စကြာရန်အောင်ဆရာတော်တို့က မိုးကုတ် ဝိပဿနာတရားတော်များ ဟောကြားညွှန်ကြားပြသမည်ဖြစ်၍ တရားစခန်းဝင်လိုသူများသည် ဧပြီ ၁၁ ရက် နောက်ဆုံးထား၍ အထက်ပါ ဓမ္မာရုံသို့ စာရင်းပေးနိုင်ကြောင်းသိရသည်။ (က-ပ)

မရှိခဏဆရာတော် သင်္ကြန်တွင်း တရားစခန်း

ရန်ကုန် ဧပြီ ၃

ပြည်မြို့ ဘုရင့်နောင်လမ်း မရှိခဏကျောင်းတိုက်၌ မရှိခဏဆရာတော် သဲကုန်းအရှင် ကုဝေရက မဟာသင်္ကြန်ဝိပဿနာအထူးတရားစခန်းပွဲတွင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဧပြီ ၁၁ ရက် (သောကြာနေ့)မှစ၍ တရားစခန်း ဖွင့်လှစ်ဟောကြားမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း- ၀၅၃-၂၅၆၀၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

ရဟန်း၊ ရှင်သာမဏေ၊ သီလရှင် စုပေါင်းဝတ်ပွဲနှင့် သတိပဋ္ဌာန် ခုနစ်ရက် တရားစခန်း ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၃

မွန်ပြည်နယ် ပေါင်မြို့နယ် ကံ့ကူကျေးရွာ မိုင်းညို့ညို့တောရ ပဓာနနာယက ဆရာတော် ဝနဝါသီ အရှင်ဝါသေဋ္ဌာဘိဝံသသည် ရဟန်း၊ ရှင်သာမဏေ အပါး ၂၀၀ နှင့် သီလရှင်အပါး ၂၀၀ စုပေါင်းဝတ်ပွဲနှင့် ရဟန်း၊ ရှင်သာမဏေ၊ သီလရှင်များအတွက် ဓမ္မနုပဿနာ သတိပဋ္ဌာန်တရားစခန်းကို ဖွင့်လှစ်သွားမည်ဖြစ်ရာ ရဟန်းရှင်သာမဏေဝတ်ပွဲကို ၁၃၆၉ ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ ရက်၊ ဧပြီ ၃ရက် (ကြာသပတေးနေ့)နှင့် သီလရှင်ဝတ်ပွဲကို ၁၃၆၉ခု တပေါင်းလပြည့်ကျော် ၁၄ရက်၊ ဧပြီ ၄ ရက် (သောကြာနေ့) တွင် ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်ရန်အတွက် ရဟန်း၊ ရှင်သာမဏေ၊ သီလရှင်များသည် ဧပြီ ၄ ရက် ညနေ ၅ နာရီအရောက် ဦးစိုးမော်(မုတ္တမမြို့) ဖုန်း-၀၉၅၃၂၀၅၇၉၊ ၀၉၅၃၂၀၅၇၅တို့သို့ ဆက်သွယ်ပြီး ကြိုတင် စာရင်းပေးသွင်းနိုင်ကြသည်။

(က-ပ)

မဟာဗောဓိစာသင်တိုက် ဓမ္မသဘင်ပွဲ

ရန်ကုန် ဧပြီ ၃

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်းမကြီး (ကျောက်ကုန်းမီးပွိုင့်အနီး) မဟာဗောဓိ စာသင်တိုက်ကြီး၌ နှစ်ဖက်သော မိဘများကို အမှူးထား၍ ရွှေနန်း၊ ရွှေဝါနန်း ဟိုတယ်မိသားစု၏ ဓမ္မအလှူတော် အထူးတရားပွဲများကို ကျင်းပမည်ဖြစ်ရာ ဧပြီ ၆ ရက်ညတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ဧပြီ ၇ ရက်ညတွင် ဓမ္မဘေရီအရှင်ဝိရိယ (တောင်စွန်း) ဆရာတော်တို့က ညစဉ် ၇ နာရီမှစ၍ တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ပြင်ဦးလွင် စိန့်ဂျိုးဇက်ကွန်ဗင့် ကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲ

ရန်ကုန် ဧပြီ ၃

ရန်ကုန်ရောက် ပြင်ဦးလွင်မြို့ St.Joseph's Convent မှ ကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို ဧပြီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိ ရန်ကုန်မြို့ အလုံမြို့နယ် အလုံလမ်းနှင့် ဗဟိုလမ်းထောင့် အမှတ် (၄၇) Eugenia Cafe (အပေါ်ထပ်)၌ ကျင်းပမည်ဖြစ်၍ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် ဒေါ်လေးကျော် ဖုန်း- ၀၉၅၁၄၈၈၄၇၊ ဒေါ်နန်းအိအိဇာ ဖုန်း-၃၈၃၀၂၅၊ ဒေါ်ခင်မြင့်ကြည် ဖုန်း-၅၁၄၆၄၇၊ ဒေါ်စုစု ဖုန်း-၂၄၅၃၀၂၊ ဒေါ်ယဉ်မြသွယ် ဖုန်း-၅၄၉၂၄၃တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

အကြိုအခြေခံ မီးသတ်သင်တန်းဆင်း

ရန်ကုန် ဧပြီ ၃

မရမ်းကုန်းမြို့နယ် အကြိုအခြေခံ မီးသတ်သင်တန်း အမှတ်စဉ် (၈/၂၀၀၈) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၁၅ ရက်က အမှတ်(၂) ရပ်ကွက် ပေါ်တော်မူဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်ဝင်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်သူစိုးနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ သင်တန်းသားအရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးတင်ဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းထူးချွန်ဆုနှင့် သင်တန်းဆင်း လက်မှတ်များကို မြို့နယ်မီးသတ်ဦးစီးမှူး ရဲကျော်သူစိုးနိုင်က တစ်ဦးချင်းပေးအပ်ချီးမြှင့်သည်။ (၆၁)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၄-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ မြန်မာသင်္ကြန်
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄:၁၅ ၄။ မဟာဂီတချိုကြည်မြ
- ၄:၂၀ ၅။ မျိုးချစ်တပ်မတော်
- ၄:၃၀ ၆။ မြန်မာသင်္ကြန်
- ၄:၃၅ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၅:၀၀ ၉။ အလွမ်းတေးပန်းချီ ချစ်သူစီ
- ၅:၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ မြန်မာသင်္ကြန်
- ၆:၂၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆:၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **- ပျော်ရွှင်ပါစေ (အပိုင်း-၉)**
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ **စေညွှန်ရာ လမ်းမများ တက္ကစီမင်းနှင့် သင်္ကြန်ချစ်သူ**
- ၂၁။ စိုက်ပျိုးသုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - စည်းခြားထားသော အချစ် (အပိုင်း-၂၀)**
- ၂၄။ သင့်အတွက်မနက်ဖြန်
- ၂၅။ အပိတ်နှုတ်ဆက်စကား
- ၂၆။ ပြီးပါပြီ။

ကန်စစ်ဘက်သင်္ဘောမှ ပစ်ခတ်မှုကြောင့် တစ်ဦးသေဆုံးမှု အီဂျစ် အထက်လွှတ်တော်က ရှုတ်ချ

ကိုင်ရို ဧပြီ ၂

စူးအက်တူးမြောင်းဝန်းကျင်၌ပြီးခဲ့သော သီတင်းပတ်က အမေရိကန် စစ်ဘက်ထောက်ပံ့ရေးသင်္ဘောပေါ်မှ ပစ်ခတ်မှုကြောင့် အီဂျစ်နိုင်ငံသားတစ်ဦး သေဆုံးရသည့် ကိစ္စနှင့်ပတ်သက်၍ အီဂျစ်နိုင်ငံ အထက်လွှတ်တော် ရှူရာကောင်စီက မတ် ၃၁ ရက်တွင် ရှုတ်ချလိုက်သည်။

အီဂျစ်အစိုးရအနေဖြင့် ထိုကိစ္စကို စုံစမ်းမေးမြန်းသင့်ပြီး အဆိုပါသင်္ဘောကိုလည်း စူးအက်တူးမြောင်းမှ ဖြတ်သန်းခွင့် ပိတ်ပင်သင့်သည်ဟု အထက်လွှတ်တော်ကောင်စီ အဖွဲ့ဝင်များက ပြောကြားသည်။

အီဂျစ်နိုင်ငံ၏ အချုပ်အခြာအာဏာ မထိပါးရေးနှင့် အီဂျစ်နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်ရန် နိုင်ငံအစိုးရအနေဖြင့် အစွမ်းကုန်ဆောင်ရွက်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဥပဒေပြုအမတ်များက ပြောကြားသည်။

စူးအက်တူးမြောင်းကို ဖြတ်သန်းသည့် သင်္ဘောများအား ပစ္စည်းများ ရောင်းချရင်းသွားလာနေသော သင်္ဘောငယ်တစ်စင်းကို အမေရိကန် စစ်ဘက်သင်္ဘော ဂလိုဘယ်ပက်ထရီရော့ပေါ်မှ ခြောက်လှန့် ပစ်ခတ်မှု မတ် ၂၄ ရက်တွင် ဖြစ်ပွားခဲ့သည်။ ထိုအဖြစ်အပျက်ကြောင့်အီဂျစ်သင်္ဘောငယ်ပေါ်မှ တစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန် ညွန့်ပေါင်းအစိုးရအဖွဲ့ ပထမဆုံးအစည်းအဝေး ကျင်းပ

အစ္စလာမ္မာဘတ် ဧပြီ ၂

သမ္မတ မူရှာရက်ဖ်၏ ရှေ့မှောက်တွင် မတ် ၃၁ ရက်က ပါကစ္စတန်ဝန်ကြီး ၂၄ဦးက ညွန့်ပေါင်း အစိုးရသစ်၏ ပထမဆုံး ကျမ်းသစ္စာကျိန်ဆိုပြီးနောက် ပါကစ္စတန် ညွန့်ပေါင်းအစိုးရအဖွဲ့ အစည်းအဝေးကို ပထမဆုံးအကြိမ်အဖြစ် ကျင်းပခဲ့သည်။

ယင်းအစည်းအဝေးကို မြို့တော်ရှိ ဝန်ကြီးချုပ်၏ နေအိမ်၌ ဝန်ကြီးချုပ်ယူဆွတ်ရဇာဂီလာနီကဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

ညွန့်ပေါင်းအစိုးရ၏ မူဝါဒဆိုင်ရာ ကြေညာစာတမ်းနှင့်အတူ နှစ်တို နှစ်ရှည် စီမံကိန်းများကို ပြင်ဆင်ပြီး ၎င်းဝန်ကြီးဌာနအသီးသီး၏ စီမံကိန်းများကို ကြီးကြပ်ရန် ဝန်ကြီးအားလုံးအား ပါကစ္စတန်ဝန်ကြီးချုပ်က ညွှန်ကြားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဆာဒါစီးတီးတွင် အမေရိကန်ကျောထောက်နောက်ခံပြုထားသော အီရတ်တပ်ဖွဲ့များနှင့် မာဒီလက်နက်ကိုင်များ တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော အပျက်အစီးအချို့ကို ဧပြီ ၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အင်ဒိုနီးရှား ရေနံတင်ပို့ရာမှ ရရှိသည့်ဝင်ငွေကို လောင်စာဖြည့်ဆည်းမှုအတွက် ခွဲဝေအသုံးပြုမည်

ဂျကာတာ ဧပြီ ၁

အင်ဒိုနီးရှားနိုင်ငံက ပြည်ပသို့တင်ပို့ရောင်းချခဲ့သည့် ရေနံမှရရှိသော အပိုဝင်ငွေများဖြင့် လောင်စာဖြည့်ဆည်းရေးအတွက် ခွဲဝေအသုံးပြုနိုင်မည်ဖြစ်ကြောင်း ဂျကာတာ ပို့စ်သတင်းစာက အထက်တန်းပုဂ္ဂိုလ်တစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ တနင်္လာနေ့တွင် ဖော်ပြသည်။

ယခုနှစ် ရသုံးငွေ ပြင်ဆင်မှုတွင် ရေနံဈေးနှုန်း ခန့်မှန်းချက်များကို ပြန်လည် ကိုက်ညှိထားသဖြင့် အင်ဒိုနီးရှားအနေဖြင့် အပိုဝင်ငွေအဖြစ် ရူပီးယား ၇၁ထရီလီယံ (အမေရိကန်ဒေါ်လာ ၇ဒသမ ၈ဘီလီယံ) ရရှိမည်ဟု မျှော်လင့်ထားကြောင်း စွမ်းအင်နှင့် သတ္တုတွင်းအရင်းအမြစ်ဝန်ကြီး ယူစဂျီတိုရိုကိုကိုးကား၍ ဖော်ပြပါ သတင်းစာက ရေးသားသည်။

အင်ဒိုနီးရှား အောက်လွှတ်တော်နှင့် အင်ဒိုနီးရှားအစိုးရတို့က ရေနံဈေးနှုန်းကို ရေနံတစ်ပီပါလျှင် ဒေါ်လာ ၆၀မှ ၉၅ ဒေါ်လာအထိ မြင့်တင်ရန် မကြာမီက သဘောတူထားခဲ့ကြသည်။

ရေနံတင်ပို့ရာမှရသည့် စုစုပေါင်းဝင်ငွေသည် ရူပီးယားထရီလီယံ ၂၇၀ (ဒေါ်လာ ၂၉ ဒသမ ၈ဘီလီယံ) အထိ ရရှိပြီး ခန့်မှန်းထားသည်ထက် ၃၅ ရာနှုန်းမြင့်တက်ခဲ့သည်ဟု ယူစဂျီယန်တိုရိုက ပြောကြားသည်။ယခုနှစ်တွင် စွမ်းအင်ကဏ္ဍမှ ရရှိမည့် နိုင်ငံတော်၏ ဝင်ငွေသည် ဒေါ်လာဘီလီယံ၃၀ အထိ ရှိမည်ဖြစ်ပြီး ထက်ဝက်ငွေကို လောင်စာဖြည့်ဆည်းမှုအတွက် ခွဲဝေအသုံးပြုမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကြေးမုံ နိုင်ငံတကာ သတင်းများ

ပြင်သစ်မှ အကူအညီပေးရေး အလုပ်သမားခြောက်ဦး ချဒ်သမ္မတက လွတ်ငြိမ်းချမ်းသာခွင့်ပေး

အင်ဂျာမီနာ ဧပြီ ၂

အာဖရိကဒေသရှိ ကုန်တွင်းပိတ်နိုင်ငံဖြစ်သည့် ချဒ်နိုင်ငံမှ ကလေးငယ်များကို သွေးဆောင်ဖြားယောင်းမှုဖြင့် အကျဉ်းကျနေသော ပြင်သစ်နိုင်ငံသား အကူအညီပေး လုပ်သားခြောက်ဦးကို ချဒ်သမ္မတ အီဒရစ်ဒီဘီက တရားဝင် လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်ကြောင်း ချဒ်ရေဒီယိုက ကြေညာသည်။

ပြစ်ဒဏ်ချမှတ်

ဇိုးစ်အာ့စ်ပရဟိတအဖွဲ့ဝင် ခြောက်ဦးသည် ချဒ်အာဏာပိုင်များ၏ ခွင့်ပြုချက်မရှိဘဲ အာဖရိကမှ ကလေးငယ် ၁၀၃ဦးကို လေယာဉ်ဖြင့်ဥရောပဒေသသို့ခေါ်ဆောင်ရန် ကြိုးပမ်းမှုဖြင့် ချဒ်တရားရုံးက ၎င်းတို့အား လွန်ခဲ့သည့်နှစ်တွင် အလုပ်ကြမ်းနှင့် ထောင်ရှစ်နှစ် အပြစ်ဒဏ်ချမှတ်ခဲ့သည်။

၎င်းအလုပ်သမားများက စွပ်စွဲချက်များမှန်ကန်မှု မရှိဟု ငြင်းဆိုခဲ့သည်။ ၎င်းတို့ကို သက်ဆိုင်ရာ အာဏာပိုင်များက ပြင်သစ်နိုင်ငံသို့ ဒီဇင်ဘာလအတွင်းက ပြန်ပို့ခဲ့သည်။

အဆိုပါ အလုပ်သမားခြောက်ဦးက ချဒ်အိမ်နီးချင်း ဆူဒန်နိုင်ငံ ဒါဖာဒေသမှ စစ်ပြေးဒုက္ခသည် မိဘမဲ့ကလေးငယ်များကို ကယ်တင်ရန် ကြိုးပမ်းခဲ့ခြင်းဖြစ်သည်ဟု တရားရုံးတွင် ထွက်ဆိုခဲ့သည်။***အမ်အင်အေ၊ရိုက်တာ။***

ကိုလံဘီယာ၌ ဘတ်စ်ကား လျှိုမြောင်ထဲထိုးကျ ငါးဦးသေဆုံးပြီး ၁၈ဦးဒဏ်ရာရရှိ

ဘိုဂိုတာ ဧပြီ ၂

ကိုလံဘီယာနိုင်ငံ အရှေ့မြောက်ပိုင်းတွင် မတ် ၃၁ ရက်က ဘတ်စ်ကားတစ်စီး လျှိုမြောင်ထဲ ထိုးကျမှုကြောင့် လူငါးဦးသေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိကြောင်း အဝေးပြေးလမ်းရှိ ရဲတပ်ဖွဲ့က ပြောကြားသည်။

လာကင်နီးယား ရဲတပ်ဖွဲ့ကပြောကြားရာတွင်ယင်းဘတ်စ်ကားသည် လာကင်နီးယားမြို့တွင် တစ်နာရီလျှင် ကီလိုမီတာ ၆၀ဖြင့် မောင်းနှင်လာကြောင်း၊ ၎င်းဒေသတွင် ချောက်ကမ်းပါး ဝန်းရံပြီးလမ်းမှာ ကျဉ်းမြောင်းသဖြင့် တစ်နာရီလျှင် ကီလိုမီတာ၄၀နှုန်းဖြင့် မောင်းနှင်ရန်သတ်မှတ်ထားသည်ဟု ဆိုသည်။

မြူများနှင့် မိုးရွာသွန်းမှု မကြာခဏဖြစ်ပွားမှုကြောင့် ယင်းဒေသမှာ လမ်းအန္တရာယ်ဖြစ်ပွားမှု များပြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဩစတြေးလျနိုင်ငံ နယူးကာဆယ်မြို့ရှိ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှုများပြားသည့် ကျောက်မီးသွေးလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဧပြီ ၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မက္ကဆီကို၌ ဓာတ်ငွေ့အိုးပေါက်ကွဲ ခုနစ်ဦး ဒဏ်ရာရရှိ

မက္ကဆီကိုစီးတီး ဧပြီ ၂

မက္ကဆီကို နိုင်ငံမြောက်ပိုင်းရှိ နျူဗိုယီယွန်ပြည်နယ် မွန်တာရေမြို့တော်တွင် မတ် ၃၁ ရက်က ချက်ပြုတ်နေစဉ် ဂက်စ်မီးဖို ပေါက်ကွဲမှု ဖြစ်ပွားရာ ကလေးသုံးဦး အပါအဝင် ခုနစ်ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ မတော်တဆ ဖြစ်ပွားမှုကြောင့် လေးငါးနှစ်အရွယ် ကလေးသုံးဦးနှင့် အသက် ၅၆ နှစ်အရွယ်ရှိ ဆန်ဂျူအင်ရီအိုစ်ပါလိုမို တို့သည် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျော်ဒန်နိုင်ငံမှ အကြမ်းဖက်မှု နှိမ်နင်းရေးအဖွဲ့ဝင်များ လေယာဉ်အပိုင်စီးမှု နှိမ်နင်းရေး စွမ်းရည်ပြနေကြသည်ကို ဧပြီ ၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကြေးနီ ကေဘယ်လ်ကြိုးများခိုးယူသည့် ဂိုဏ်းအား စပိန်ရဲတပ်ဖွဲ့ ဖြိုခွင်း

မဒရစ် ဧပြီ ၂

တရုတ်နှင့် ဂျာမနီ နိုင်ငံတို့တွင် သတ္တု တန် ၁၅၀၀ ကို ရောင်းချပြီး ကြေးနီ ကေဘယ်လ်ကြိုးများ ခိုးယူသည့် ပြစ်မှု ကျူးလွန်သူ ၇၇ ဦးပါဝင်သော ဂိုဏ်းတစ်ဂိုဏ်းကို စပိန် ရဲတပ်ဖွဲ့က ဖြိုခွင်းခဲ့ကြောင်း တနင်္လာနေ့နှောင်းပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

၎င်းဝန်ကြီးဌာနက ပြောကြားရာတွင် အဆိုပါ ဂိုဏ်းသည် ရိုမေးနီးယားနိုင်ငံသားများ အုပ်စုတစ်ခုဖြစ်ပြီး နိုင်ငံအတွင်း ဖြတ်ကျော်၍ ကေဘယ်လ်ကြိုးများကို ခိုးယူခဲ့ကြောင်း၊ ကြေးနီများ မရောင်းချမီ မဒရစ်မြို့၌ ဒုတိယ အုပ်စုက ကေဘယ်လ်ကြိုးများကို ခွာယူခဲ့သည်ဟု ဆိုသည်။

ယင်းဂိုဏ်းတွင် ခိုးယူသူ ၁၀၀ကျော်ပါရှိပြီး ဂျာမနီနိုင်ငံတွင် ကြေးနီ တန် ၇၀၀နှင့် တရုတ်နိုင်ငံတွင် တန် ၈၀၀ ကို ရောင်းချခဲ့သည်။

ရဲတပ်ဖွဲ့က ကြေးနီ တန် ၁၂၀ နှင့်အတူ အဆိုပါဂိုဏ်းကို ဖမ်းဆီးခဲ့သည်။

ကြေးနီဈေးနှုန်းသည် ပြီးခဲ့သည့်နှစ်တွင် တစ်ဟုန်ထိုး မြင့်တက်လာခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဆီနိတ်တာဂျွန်မက်ကိန်း ဒုသမ္မတလောင်းရွေးချယ်မှုစတင်

ပင်ဆာကိုလာ(ဖလော်ရီဒါ) ဧပြီ ၃

အမေရိကန်နိုင်ငံ၏ သမ္မတ ရွေးချယ်ပွဲတွင် ရီပတ်ဘလီကန်ပါတီမှ သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်မည့်သူ ဂျွန်မက်ကိန်းနှင့်တွဲ၍ဒုသမ္မတလောင်း အဖြစ်ဆောင်ရွက်မည့်ပုဂ္ဂိုလ် ရွေးချယ်သည့်အစီအစဉ်ကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မက်ကိန်းက ဧပြီ ၃ရက်တွင် ပြောကြားသည်။

ဒုသမ္မတလောင်း ရွေးချယ်ရေးလုပ်ငန်းသည် ယခုမှသာ စတင်ခါစအခြေအနေတွင်ရှိသေးကြောင်း၊အမည်စာရင်းအားဖြင့်လည်း ၂၀ ခန့်၏ အမည်များကိုရရှိထားပြီးဖြစ်ကြောင်း ၄င်းကပြောကြားသည်။

ရီပတ်ဘလီကန်ပါတီအနေဖြင့် ပါတီကို ကိုယ်စားပြု၍သမ္မတလောင်းအဖြစ် ယှဉ်ပြိုင်မည့်သူအမည်စာရင်း အတည်ပြုရေးကွန်ဗင်းရှင်းကိုစက်တင်ဘာလ အစောပိုင်းတွင် မင်နီဆိုတာပြည်နယ် စိန့်ပေါလ်တွင်ကျင်းပမည်ဖြစ်သည်။ ထိုအခါ ဆီနိတ်တာဂျွန်မက်ကိန်းကို သမ္မတလောင်းအဖြစ် အခိုင်အမာ အတည်ပြုကြမည်ဖြစ်သည်။ ထိုအခါမက်ကိန်းသည် သမ္မတဖြစ်လာရေးအတွက် ဒီမိုကရက်တစ်ပါတီမှ ရွေးချယ်သူနှစ်ဦးအနက် ဘာရက်အိုဘားမား သို့မဟုတ် ဟီလာရီကလင်တန်တစ်ဦးဦးနှင့် နိုဝင်ဘာတွင် သမ္မတအဖြစ်ယှဉ်ပြိုင်အရွေးချယ်ခံမည်ဖြစ်သည်။

စက်တင်ဘာတွင်ပြုလုပ်မည့် ရီပတ်ဘလီကန်ပါတီတွင်း သမ္မတလောင်းအမည် အတည်ပြုရေး ကွန်ဗင်းရှင်းမတိုင်မီ ဒုတိယသမ္မတ ရွေးချယ်ရေးလုပ်ငန်းကို ပြီးပြတ်လိုသည်ဟု မက်ကိန်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဖလော်ရီဒါလေဆိပ်၌ ခရီးသည်အိတ်တွင်းမှ ပိုက်ပုံးပြုလုပ်သည့် ပစ္စည်းအပိုင်းအစများတွေ့ရှိ

အော်လန်ဒို(ဖလော်ရီဒါ) ဧပြီ ၃

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် အော်လန်ဒို နိုင်ငံတကာ လေဆိပ်မှ ဂျမေကာနိုင်ငံသို့ ပျံသန်းမည့် ခရီးစဉ်တွင် လိုက်ပါမည့် ခရီးသည်တစ်ဦး၏ အိတ်အတွင်းမှ ဗုံးပြုလုပ်နိုင်သည့် အစိတ်အပိုင်းများကို ဧပြီ ၁ ရက်တွင် တွေ့ရှိခဲ့ကြောင်း အော်လန်ဒိုဆန်တီနယ် သတင်းစာက ရေးသားဖော်ပြသည်။

ခရီးသည်တစ်ဦး၏ အိတ်အတွင်းမှ တွေ့ရှိရသော အပိုင်းအစများသည် ဗုံးပြုလုပ်နိုင်သော သက်ေမကင်းပစ္စည်းများဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေး ဌာနက အတည်ပြုပြောကြားသည်။ အဆိုပါပစ္စည်းများသည် ပြင်းအားများသော မသက်ဘဖွယ်ရာ ဖောက်ခွဲရေးပစ္စည်းဖြစ်ကြောင်း သတင်းစာ၌ ဖော်ပြထားချက်ကို အတည်ပြုရန် ထောက်လှမ်းရေးအဖွဲ့က ငြင်းဆိုသည်။

ထိန်းသိမ်းခံထားရသူ၏အမည်ကို အော်လန်ဒိုရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း၊ ထိုအမှုကို အက်ဖ်ဘီအိုင်သို့ လွှဲပြောင်းပေးခဲ့ကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တပ်ကြပ်ကြီးဘာဘရာဂျုံးက ပြောကြားသည်။

၎င်းခရီးဆောင်အိတ်ကို ပြန်လည်စစ်ဆေးနေချိန်တွင် ရဲတပ်ဖွဲ့က ၎င်းကို ထိန်းသိမ်းလိုက်ခြင်းဖြစ်သည်ဟု သတင်းစာ၌ ဖော်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ဂျေရုဆလင်မြို့စွန်ရှိ အနောက်ဘက်ကမ်း အနာတာကျေးရွာ၌ ဧပြီ ၂ ရက်က ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ထားသည့် အိမ် ၂၀၀၀၀ခန့်ကို မြေတူးစက်ဖြင့် ဖြိုဖျက်ထားသည်ကိုတွေ့ရစဉ်။

(အင်တာနက်)

တူရကီနိုင်ငံတွင် လူမှုဖူလုံရေးပြုပြင်မှုအပေါ် မကျေနပ်သဖြင့် အလုပ်သမားများဆန္ဒပြ

အန်ကာရာ ဧပြီ ၃

နိုင်ငံတကာ ငွေကြေးအဖွဲ့က ထောက်ခံထားပြီး အငြိမ်းစားယူမည့် အသက်အရွယ်တိုးမြှင့်မည့် လူမှုဖူလုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအပေါ် မကျေမနပ်ဖြစ်ကာ ထောင်ချီရှိနေသည့် အလုပ်သမားများက ကန့်ကွက်ဆန္ဒပြရာမှ ရဲတပ်ဖွဲ့ဝင်များနှင့် တူရကီနိုင်ငံ၏ ပါလီမန် အဆောက်အအုံအနီး အင်္ဂါနေ့က တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြသည်။

လူမှုဖူလုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု မူကြမ်းသည် တူရကီအစိုးရ၏ ၂၀၀၈ ခုနှစ်အတွက် အရေးပါသည့် စီးပွားရေးအစီအစဉ်ဖြစ်ပြီး နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့က အမေရိကန်ဒေါ်လာဒသမ၃ဘီလီယံ ချေးငှားစေမည့် မူကြမ်းကို ပါလီမန်မှ တစ်ဆင့်အတည်ပြုကာတူရကီအစိုးရက လက်ခံရရှိမည်ဖြစ်သည်။

နဖူးစည်းစာတန်းများ ကိုင်ဆောင်လာသည့် ဆန္ဒပြသူများက အန်ကာရာမြို့ရှိ ပါလီမန်အဆောက်အအုံဆီသို့ သွားရောက်ရန် ကြိုးပမ်းရာ ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များ အချင်းများခဲ့ကြသည်။ ယင်းအချိန်တွင် ဥပဒေပြုအမတ်များက လူမှုဖူလုံရေးပြင်ဆင်မည့် မူကြမ်းအပေါ် အငြင်းပွားနေကြသည်။

အချို့သောဆန္ဒပြသူများက ရဲတပ်ဖွဲ့ဝင်များအား ကျောက်ခဲ၊ တုတ်များဖြင့် ပစ်ခတ်ပြီး ရဲတပ်ဖွဲ့ဝင်များကလည်း နံပါတ်တုတ်များဖြင့် ရိုက်ကြသည်။ ယင်းသို့ ရုတ်ရုတ်သဲသဲ ဖြစ်ပွားမှုကြောင့် မော်တော်ယာဉ် အသွားအလာများ ပြတ်တောက်သွားခဲ့ရသည်။ *အမ်အင်အေ၊ရိုက်တာ။*

ကမ္ဘာတွင်အကြီးဆုံး ဓာတ်ငွေ့သယ်သင်္ဘော စူးအက်တူးမြောင်းမှဖြတ်ကျော်

ကိုင်ရို ဧပြီ ၃

သဘာဝဓာတ်ငွေ့ရည်သယ်ဆောင်သည့်ကမ္ဘာပေါ်တွင်အကြီးဆုံးသင်္ဘောကြီးသည် အီဂျစ်နိုင်ငံ စူးအက်တူးမြောင်းမှ အင်္ဂါနေ့က ဖြတ်သန်းကာ ဥရောပသို့ မောင်းနှင်သွားကြောင်း အီဂျစ်နိုင်ငံ မီနာသတင်းဌာနက ဖော်ပြသည်။

တောင်ကိုရီးယားကုမ္ပဏီက တည်ဆောက်ပြီး ကာတာသဘာဝဓာတ်ငွေ့သယ်ယူပို့ဆောင်ရေးကုမ္ပဏီက ပိုင်ဆိုင်သည့် အဆိုပါ သင်္ဘောသည် ၃၀၅မီတာရှည်ပြီး သဘာဝဓာတ်ငွေ့ကုဗမီတာ ၂၁၀၀၀၀သယ်ဆောင်ကာ စပိန်နိုင်ငံသို့ဦးတည်ထွက်သွားသည်ဟု စူးအက်တူးမြောင်း အာဏာပိုင်အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အဆိုပါသင်္ဘောကို ကာတာသင်္ဘောအုပ်စုကပိုင်ဆိုင်ပြီး သဘာဝဓာတ်ငွေ့ကုဗမီတာ ၂၁၀၀၀၀မှ ၂၇၀၀၀၀အထိ သယ်ယူနိုင်စွမ်းရှိသည်။

စူးအက်တူးမြောင်း အာဏာပိုင်အဖွဲ့က အင်္ဂါနေ့မှအစပြု၍ ယင်းတူးမြောင်းမှ ဖြတ်သန်းသည့် သင်္ဘောများအား အရွယ်အစားလိုက်၍ ဖြတ်သန်းခများကို လေးရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းအထိ တိုးမြှင့်ကောက်ခံနေပြီဖြစ်သည်။ *အမ်အင်အေ၊ဆင်ဟွာ။*

ဂျပန်နိုင်ငံတိုကျိုမြို့တောင်ဘက်ရှိ ယိုကိုဆူကာမြို့ ရဲစခန်းသို့ ပြစ်မှုကျူးလွန်မှုနှင့် ပတ်သက်၍ အဖမ်းခံရသူ အသက် ၂၂ နှစ်ရှိ အမေရိကန်သင်္ဘောသားကို ဧပြီ ၃ ရက်က ခေါ်ဆောင်သွားစဉ်။

(အင်တာနက်)

ပါကစ္စတန်နျူကလီးယားပညာရှင် နေအိမ်အကျယ်ချုပ်မှ မကြာမီလွတ်မြောက်မည်

အစ္စလမ္မာဘတ် ဧပြီ ၃

မိမိအား ဖမ်းဆီးချုပ်နှောင်ထားမှုသည်ဆင်ခြင်တုံတရားမရှိသည့်လုပ်ရပ်ဖြစ်ကြောင်း၊ ပါကစ္စတန်အစိုးရသစ်က မိမိအား မကြာမီ လွတ်ပေးမည်ဟု မျှော်လင့်ကြောင်း ပါကစ္စတန်မှ သိပ္ပံပညာရှင် အဗ္ဗဒူကာဒီယာခန်းက သတင်းစာတစ်စောင်နှင့် တွေ့ဆုံမေးမြန်းခန်းတွင် ပြောကြားလိုက်သည်။

ပါကစ္စတန်အစိုးရက ၂၀၀၃ ခုနှစ်တွင် နျူကလီးယားပြဿနာနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပြီးခဲ့သည့်နောက် သမ္မတမူရှာရက်ဖ်က ခန်းအား နေအိမ်၌ အကျယ်ချုပ်အဖြစ်ထားခဲ့သည်။ ၎င်းက နျူကလီးယားလျှို့ဝှက်ချက်များနှင့် ပစ္စည်းများကို အီရန်နိုင်ငံသို့ ကမ်းလှမ်းခဲ့သည်ဟု ၂၀၀၄ ခုနှစ် စောစောပိုင်းက ရုပ်မြင်သံကြားအစီအစဉ်တစ်ခုတွင် ဝန်ခံပြောကြားခဲ့သည်။

ပါကစ္စတန်ပြည်သူ အများစုက ခန်းအား ပါကစ္စတန်၏ အဏုမြူဗုံးဖခင်ကြီးဟု ဂုဏ်ပြုခေါ်ဝေါ်ကြသည်။

ပါကစ္စတန် အစိုးရသစ်ကခန်းအားလွှတ်ပေးရန် ခန်း၏ ပရိသတ်များက လိုလားလျက်ရှိနေကြသည်။

ခန်းအား ၎င်း၏ လုံခြုံရေးအတွက် ထိန်းသိမ်းထားသည်ဟု ထင်မြင်ချက်များယွင်းကြောင်း ခန်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဘာလင်မြို့တွင် မိတ်ဆက်ပြသသည့် အက်ပဲလ်အိုင်ဖုန်း အမျိုးအစားကို ဧပြီ ၃ရက်က တွေ့ရစဉ်။ (အင်တာနက်)

ကြေးမုံ The Mirror နိုင်ငံတကာသတင်းများ

တန်ဇန်နီးယားကျောက်မိုင်း၌ ရေကြီး ၁၆ ဦးသေဆုံးပြီး ၄၉ ဦးပျောက်ဆုံးနေ

နိုင်ရိုဘီ ဧပြီ ၃

တန်ဇန်နီးယားနိုင်ငံ မြောက်ပိုင်းရှိ ကျောက်မိုင်း၌ ရေလျှံမှုဖြစ်ပွားရာ မိုင်းတွင်းလုပ်သား ၁၆ ဦးသေဆုံးကြောင်း အတည်ပြုပြီး အခြား ၄၉ ဦးမှာ သေဆုံးနိုင်ဖွယ်အခြေအနေရှိကြောင်း အထက်တန်းအရာရှိတစ်ဦးက ဧပြီ ၁ ရက်တွင် ပြောကြားသည်။

မီရီရာနီအရပ် ပုဂ္ဂလိကပိုင် မိုင်းတွင်း၌ ခရမ်းပြာထန်ဇာနိုက် ကျောက်မျက်များ ထွက်ရှိသည်။ ထိုကျောက်မျိုးကို ကမ္ဘာပေါ်တွင် အဆိုပါအရပ်၌သာ တွေ့ရှိသည်။ မတ် ၃၀ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် မိုင်းတွင်း ရေလျှံခြင်းဖြစ်သည်။

အဆိုပါ ကျောက်မိုင်းတွင်းမှ အလောင်းရှစ်လောင်းနှင့် ကျောက်မိုင်းတွင်း ဝင်ရောက်ရန် ခက်ခဲသည့်အရပ်တွင် အလောင်းရှစ်လောင်း ထပ်မံတွေ့ရှိရကြောင်း မန်ယာရာဒေသဆိုင်ရာ အကြီးအကဲ ဟန်ရီရှိုကီမူက ပြောကြားသည်။

ယခုအချိန်ထိ ကယ်ဆယ်နိုင်သူ ၄၉ ဦးရှိကြောင်း ရိုက်တာသတင်းဌာနသို့ ဖုန်းဖြင့် သတင်းပေးပို့သည်။

အချို့အလုပ်သမားများသည် မိုင်းတွင်းအတွင်း ဝင်ရောက်အလုပ်လုပ်ရာတွင် အမည်စာရင်းမှတ်ပုံတင်ရန် ပျက်ကွက်ခဲ့ကြသည့်အတွက် လုပ်သားအရေအတွက်စာရင်းမှာ အမျိုးမျိုး ကွဲပြားလျက်ရှိသည်။ ကယ်ဆယ်ရေးလုပ်ငန်းလုပ်ဆောင်နေသည့် စေတနာ့ဝန်ထမ်းများတွင် လက်အိတ်၊ မျက်နှာဖုံးစွပ်နှင့် လည်ရှည်ဖိနပ်များ စသည့် ပစ္စည်းများ ပြည့်ပြည့်စုံစုံ မရရှိဘဲ ဖြစ်နေသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ဘေးရန်ဆီးကာ ... ရမည်သာ

- **ကျီးများသည် တောင်၌ရှိသော သူတစ်ပါး၏အသိုက်ကို ဖျက်ဆီးတတ်၏။**
- **ကြွက်များသည် အိမ်တွင်းရှိ ပရိဘောဂများကို ဖျက်ဆီးတတ်၏။**
- **လူယုတ်မာများသည်တိုင်းပြည်အတွင်း ချမ်းသာခြင်းကို ဖျက်ဆီးတတ်၏။**

လောကနီတိမှာ ဖော်ပြထားတဲ့ ဖျက်ဆီးတတ်သူသုံးဦးအကြောင်းဖြစ်ပါတယ်။ အဲဒီအကြောင်း ပြန်သတိရတိုင်း မြန်မာနိုင်ငံကို ဖျက်လို ဖျက်ဆီးလုပ်နေတဲ့ အကြမ်းဖက်သမားတွေအကြောင်းကိုပါ ဆက်စပ်ပြီး စဉ်းစားမိလေ့ရှိခဲ့ပါတယ်။

သူခိုးကြီးတော့ ဓားပြ၊ ဓားပြကြီးတော့ သူပုန်လို့ အဆိုရှိပေမယ့် မြန်မာနိုင်ငံမှာကျတော့ နိုင်ငံရေးသမားတော်တော်များများဟာ ပြည်ပြေးသောင်းကျန်းသူ ဘဝကနေ အကြမ်းဖက်သောင်းကျန်းသူအဖြစ် ရောက်သွားလေ့ရှိတာကို သတိပြုမိပါတယ်။

ဗမာပြည်ကွန်မြူနစ်ပါတီ (ဗကပ) ကစလို့ ပါလီမန်ဒီမိုကရေစီခေတ်ပါတီများအလယ် ခုနောက်ဆုံး နိုင်ငံရေးပါတီတစ်ခုအထိမြေပေါ်လှုပ်ရှားမှုနှင့် မြေအောက်လှုပ်ရှားမှုကို ဆက်စပ်လုပ်ခဲ့တယ်။ ဆူပူအုံကြွဖို့ လှုံ့ဆော်ဖန်တီးတာနဲ့ လူတွေထိတ်လန့်ချောက်ချားအောင် ဖောက်ခွဲဖျက်ဆီးမှုတွေကို ချိန်ကိုက်လုပ်လေ့ရှိတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ အာဏာကို ဖြတ်လမ်းကရရှိရေးနဲ့ အကြမ်းဖက်ဖျက်ဆီးရေးဟာ ၎င်းအဖွဲ့တွေရဲ့ ခေါင်းနဲ့ပန်း လုပ်ရပ်ဖြစ်လာခဲ့တယ်။

၁၉၈၉ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့မှာ ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ ရေနံချက်စက်ရုံကို ချိန်ကိုက်ဗုံးနဲ့ ဖောက်ခွဲဖျက်ဆီးခဲ့တယ်။ အပြစ်မဲ့ပြည်သူ နှစ်ဦးသေဆုံးခဲ့ပြီး ကံသီလို့ ကြီးမားတဲ့ ပေါက်ကွဲမှုကြီး မဖြစ်ခဲ့တာပါ။ တရားခံကို စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့ရာမှ သန်လျင်မြို့နယ် NLD ပါတီဝင်ယူဂျီတွေ ဖြစ်နေကြောင်း တွေ့ရှိခဲ့ရပါတယ်။

အဲဒီနှစ် ဇွန်လ ၁၀ ရက်နေ့မှာ ရန်ကုန်မြို့တော်ခန်းမမှာ ချိန်ကိုက်ဗုံးဖောက်ခွဲ ခဲ့ပြန်တယ်။ တရားခံကတော့ KNU ဖောက်ခွဲဖျက်ဆီးရေးသမားကိုကိုနိုင်နဲ့အဖွဲ့ပဲ ဖြစ်တယ်။ ဒီအကြောင်းတွေကို သက်ဆိုင်ရာက သတင်းစာရှင်းလင်းပွဲတွေမှာ သက်သေအထောက်အထားတွေနဲ့ အကျယ်တဝင့် ရှင်းပြခဲ့တာဖြစ်တယ်။

နောက်ပိုင်းမှာ စဉ်ဆက်မပြတ်ဆိုသလိုပဲ ဖြူးမြို့ရုပ်ရှင်ရုံ ဖောက်ခွဲဖျက်ဆီးမှု၊ မန္တလေးဈေးချို ဖောက်ခွဲဖျက်ဆီးမှု၊ မိုင်းရှူးရတနာမြေဖောက်ခွဲဖျက်ဆီးမှုတွေ ကျူးလွန်ခဲ့တယ်။ လေယာဉ်ပျံ ခြိမ်းခြောက်အပိုင်စီးမှုတွေလုပ်ခဲ့တယ်။ အဲဒီလိုလုပ်နိုင်အောင်လဲ ဖောက်ခွဲဖျက်ဆီးရေး သင်တန်းတွေ နယ်စပ်မှာပေးခဲ့တယ်။ အနောက်နိုင်ငံကြီးအချို့မှ ကျွမ်းကျင်သူတွေလာရောက်ပို့ချတယ်။ငွေကြေးနဲ့ လက်နက်ခဲယမ်းပစ္စည်းတွေ ထောက်ပံ့ခဲ့တယ်။

အဲဒီလိုနဲ့ သရဲမွေးတဲ့ အောက်လမ်းဆရာလို ဆရာမနိုင် နှစ်ဆောင်ပြိုင်ဇာတ်လမ်းတွေ ပေါ်လာတယ်။ ဗန်ကောက်မှာရှိတဲ့ မြန်မာသံရုံးကို အကြမ်းဖက်ဝင်ရောက်စီးနင်းတာတွေ၊ ထိုင်းနိုင်ငံ ရပ်ချ်ဘူရီဆေးရုံကို အကြမ်းဖက်စီးနင်းခဲ့တာတွေအထိ လက်ရဲဇက်ရဲ လုပ်ခဲ့ကြတယ်။ နောက်ဆုံးအကြမ်းဖက်သူဘဝကနေ သာသနာဖျက်သူအဆင့်အထိ တက်ခဲ့တယ်။ ရန်ကုန်မြို့ ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော် ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ပွဲကိုပင်အလွတ်မပေးဘဲ မိုက်ရူးရဲ ဖောက်ခွဲဖျက်ဆီးခဲ့တယ်။

အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမား တရားခံတွေကို ကြိုတင်ဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့တဲ့ အကြိမ်တွေလည်း များစွာရှိတယ်။ ဆက်စပ်ဖမ်းမိပြီး စစ်ဆေးဖော်ထုတ်တွေ့ရှိတာတွေလဲရှိတယ်။ တရားခံ အားလုံးက KNU/ NLD (LA)/ ABSDF/ NCUB/ NCGUB/ SSA-S စတဲ့ပြည်ပြေး အကြမ်းဖက် သောင်းကျန်းသူတွေ တစ်ယောက် မဟုတ်တစ်ယောက် ဖြစ်နေတာ သေချာခဲ့တယ်။

အဲဒီလို တရားခံဘယ်သူလဲဟော့လို့ မေးစရာမလိုအောင် ဘောင်ခတ်ထားတဲ့ အချက်ကလဲ အထင်အရှားရှိနေတယ်လေ။ ၁၉၉၂ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့မှာ လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့တွေ ပူးပေါင်းထားတဲ့ DAB/ပြည်ပြေးစိန်ဝင်းရဲ့ NCGUB အဖွဲ့နဲ့ ပြည်ပြေး NLD တွေ ပေါင်းပြီး မြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB)ကို ဖွဲ့စည်းခဲ့တယ်။ အဲဒီဖွဲ့စည်းမှုကတစ်ဆင့် နိုင်ငံတော်ကို နည်းလမ်းမျိုးစုံနဲ့ ဆန့်ကျင်တိုက်ခိုက်ဖို့ အာဏာဖီဆန်ရေး၊ လူထုတိုက်ပွဲကော်မတီ (Political Defiance Committee) ကို ၁၉၉၃ ခုနှစ် ဇန်နဝါရီလမှာ ဖွဲ့ခဲ့တယ်။

အဲဒီအဖွဲ့ဟာ စစ်ရေး၊ သံတမန်ရေး ထိုးစစ်အရှိန်မြှင့်တင်လုပ်ဆောင်ပြီး ပြည်တွင်းကို ဖောက်ခွဲဖျက်ဆီးရေးသမားတွေ ဆက်တိုက်စေလွှတ်ခဲ့တယ်။ နိုင်ငံတော် ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ် ဆောင်ရွက်မှုကို အဆင့်တိုင်းမှာ နှောင့်ယှက်ဖျက်ဆီးဖို့ ဆုံးဖြတ်ဆောင်ရွက်နေတာတွေ့ရတယ်။

လေ့လာသူတစ်ဦး

ဒါကြောင့်မို့ ၂၁-၁၂-၂၀၀၄ ရက်နေ့ ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးအနီး ဇော်ဂျီဟောက်စ် စားသောက်ဆိုင်ဖောက်ခွဲမှု၊ ၁၇-၃-၂၀၀၅ ရက်နေ့ တောင်ဥက္ကလာပ ပါရမီကားဝင်းအတွင်း ဖောက်ခွဲမှုတွေ ကျူးလွန်လာခဲ့တယ်။ ဒီလိုနဲ့ ၂၀၀၅ခုနှစ် မေလ ၇ ရက်နေ့ ရန်ကုန်မြို့ လူစည်ကားရာ သုံးနေရာမှာ တစ်ပြိုင်တည်း ချိန်ကိုက်ဖောက်ခွဲမှုကို လက်ရဲ ဇက်ရဲ လုပ်ခဲ့တယ်။ အဲဒီ အဖျက်သမားတွေရဲ့ လက်ချက်ကြောင့် ရဟန်း၊ ရှင်လူ၊ ပြည်သူ ၂၃ဦး သေဆုံးခဲ့ရတယ်။ ၁၅၀ ဒဏ်ရာ ရရှိခဲ့တယ်။ ပြည်သူလူထုဟာ အကြမ်းဖက်အဖျက်သမားတွေကို အော့နှလုံးနာခဲ့တယ်။ ဆန့်ကျင်ရှုတ်ချခဲ့ကြတယ်။

ဒါပေမယ့် **အကြမ်းဖက်အဖျက်သမားတွေအတွက်ကတော့ ဒီလောက်နဲ့ တုန်လှုပ်မှာ မဟုတ်ပါဘူး။ မှားယွင်းတဲ့ လုပ်ရပ်တွေကို ရပ်တန့်လိုက်မှာ မဟုတ်ပါဘူး။ အာဏာအတွက်ဆိုရင် ဘနဖူးကိုတောင် သိုက်တူးမယ့်လူတွေဖြစ်တာမို့ လက်မရွံ့လူသတ်သမားတွေလို ဖြစ်နေပါပြီ။**

ဒါကြောင့်မို့ ၂၀၀၆ ခုနှစ် နှစ်ဦးပိုင်းကစပြီး ပဲခူး၊ ညောင်လေးပင်၊ တောင်ငူဒေသတစ်ဝိုက်မှာ လျှပ်စစ်တာဝါတိုင် ဖောက်ခွဲမှုတွေ၊ ဘူတာရုံနဲ့ ရထားလမ်း မိုင်းထောင်မှုတွေ၊ ဖောက်ခွဲမှုတွေကို ဆက်တိုက်လုပ်ဆောင်လာခဲ့တယ်။ ဟိုလွန်ခဲ့တဲ့ နှစ် အစိတ်၊ သုံးဆယ်ဝန်းကျင်က ရွှေမန်းမေဒဂုံလွှင်စတဲ့ ရန်ကုန်-မန္တလေး အမြန်ရထားတွေ၊ ရန်ကုန်-မော်လမြိုင် အမြန် ရထားတွေ မိုင်းခွဲတိုက်ခိုက်ခံရလို့ ပိုးစိုးပက်စက် သေကျေပျက်စီးဆုံးရှုံး ရပုံတွေကို သတင်းစာအဟောင်းတွေမှာ ပြန်ကြည့်ရင်တွေ့နိုင်ပါတယ်။ ဒီနေ့ ဒီအချိန်အခါမှာ ဒါမျိုးတွေထပ်အဖြစ်ခံရဦးမှာလား။ သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ဒေသခံတိုင်းရင်းသား ပြည်သူတွေ ပူးပေါင်းပြီး ဒေသဆိုင်ရာ လမ်းပန်းဆက်သွယ်မှု လုံခြုံရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်သူလူထုကိုယ်တိုင်ကလည်း အဲဒီကျေးဇူးတွေကို သိမြင် ထောက်ထားပြီး သွားသတိ၊ လာသတိနဲ့ အမြဲသတိပြုနေသင့်ပါတယ်။

အကြမ်းဖက်အဖျက်သမားဆိုတာ 'ချို'မပါပါဘူး။ လူထဲကလူ။ ပြည်သူထဲက ပြည်သူဟန်ဆောင်ထားသူတွေ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်လ သုံးလခန့်ကပဲ ဘူတာရုံဗုံးဖောက်ခွဲဖို့ လှုပ်ရှားခဲ့မှုတွေ၊ ပွဲခင်းထဲ ဖောက်ခွဲမှု ကျူးလွန်ဖို့ အားထုတ်ခဲ့မှုသတင်းတွေကို ဖတ်ရှုသိရှိခဲ့ရပြီးဖြစ်ပါတယ်။

ပြီးခဲ့တဲ့ လကုန်ရက်ပိုင်းမှာ ဖောက်ခွဲဖျက်ဆီးရေးသမားတချို့ကို ဂြိုဟ်တုဆက်သွယ်ရေးဖုန်းတွေ၊ TNT ယမ်းပျော့တွေ၊ ဆက်စပ်ပစ္စည်းတွေနဲ့ ဖော်ထုတ်ဖမ်းမိတယ်ဆိုတဲ့ သတင်းတွေ ကြားလိုက်ရပါတယ်။ ထွက်ပြေးတိမ်းရှောင်နေသူအချို့လဲရှိတယ်လို့ သိရပါတယ်။ သူတို့ ... ဘာကြောင့် လက်နက်ခဲယမ်းပစ္စည်းတွေနဲ့ ပြည်တွင်းကို ဝင်ရောက်လာတာလဲ။ သူတို့ ... အရင်က ဘယ်မှာ ဖောက်ခွဲဖျက်ဆီးခဲ့သလဲ။ အားလုံးသိပြီးသား အဖြေတွေပဲ ထွက်လာမှာ သေချာပါတယ်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကြီးကို ရှေ့လ(မေလ)မှာ ကျင်းပပါတော့မယ်။ ဆန့်ကျင်ဘက် အဖျက်သမားတွေက ဆန္ဒခံယူပွဲ မကျင်းပဖြစ်အောင် နှောင့်ယှက်ဖျက်ဆီးမယ်လို့ အတိအလင်း ကြေညာထားပါတယ်။ ခုလဲ··· အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးသမားတွေကို NLD(LA)၊ ABSDF၊ KNPP စတဲ့ ပြည်ပြေးသောင်းကျန်းသူတွေက စေလွှတ်နေပါပြီ။

ဒီနေရာမှာ အကြမ်းဖက်အဖျက်သမားတွေရဲ့ လက်မရွံ့လုပ်ရပ်ကို ကြိုတင်ကာကွယ် တားဆီးနိုင်ခဲ့တဲ့ ဖြစ်ရပ်တစ်ခုကို တင်ပြချင်ပါတယ်။ ၂၀၀၀ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးနေ့ည ပျော်ပွဲရွှင်ပွဲကျင်းပနေတဲ့ မဟာဗန္ဓုလပန်းခြံအတွင်းမှာ ဖောက်ခွဲဖျက်ဆီးဖို့ ကြံစည်ခဲ့တဲ့အဖွဲ့ရဲ့ လုပ်ရပ်ကို သက်ဆိုင်ရာက ကြိုတင်ဖော်ထုတ် ဖမ်းဆီးနိုင်ခဲ့ပါတယ်။ လက်လွတ်ထွက်ပြေးသွားသူ တချို့လဲရှိပါတယ်။ အဲဒီအဖွဲ့ဟာ ၂၀၀၀ ပြည့်နှစ် ဧပြီလ အတာရေသဘင်ပွဲတော်ကာလမှာ ဖောက်ခွဲဖျက်ဆီးဖို့ ထပ်မံ ဝင်ရောက်လာခဲ့ပါတယ်။ ဒါပေမယ့် သက်ဆိုင်ရာက အားလုံးကို ဖမ်းဆီးမိခဲ့ပါတယ်။ သူတို့အားလုံးဟာ ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့ဖြစ်တဲ့ PP-21 အဖွဲ့ဝင်တွေ ဖြစ်ကြပါတယ်။ နိုင်ငံရေးပါတီတစ်ခုနဲ့လည်း ပတ်သက်နေကြောင်း သတင်းစာရှင်းလင်းပွဲမှာ ရှင်းပြခဲ့တာပါ။

မကြာခင် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို နွှဲပျော်ကြရတော့မှာပါ။ အားလုံး ဘေးရန်ကင်းကွာ ပျော်ရွှင်နိုင်ကြဖို့ အဖျက်သမားမှန်သမျှကို ဖော်ထုတ်သတင်းပေးပို့ ကြပါစို့လား။

ပြီးခဲ့တဲ့ လကုန်ရက်ပိုင်းမှာ ဖောက်ခွဲဖျက်ဆီးရေးသမားတချို့ကို ဂြိုဟ်တုဆက်သွယ်ရေးဖုန်းတွေ၊ TNT ယမ်းပျော့တွေ၊ ဆက်စပ်ပစ္စည်းတွေနဲ့ ဖော်ထုတ်ဖမ်းမိတယ်ဆိုတဲ့ သတင်းတွေ ကြားလိုက်ရပါတယ်။ ထွက်ပြေးတိမ်းရှောင်နေသူအချို့လဲရှိတယ်လို့ သိရပါတယ်။ သူတို့ ... ဘာကြောင့် လက်နက်ခဲယမ်းပစ္စည်းတွေနဲ့ ပြည်တွင်းကို ဝင်ရောက်လာတာလဲ။ သူတို့ ... အရင်က ဘယ်မှာ ဖောက်ခွဲဖျက်ဆီးခဲ့သလဲ။ အားလုံးသိပြီးသား အဖြေတွေပဲ ထွက်လာမှာ သေချာပါတယ်။

ပုပ္ပားတောင်ကလပ် ကျောက်ကိုးပွင့် အင်ကြင်းမြိုင်တောရရိပ်သာ ရေသွယ်လှူဒါန်းမှုအောင်ပွဲ ဖိတ်ကြား

ရန်ကုန် ဧပြီ ၃

ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ် သဗ္ဗရာဇသုခ စေတီတော် ဝိဇ္ဇာဓာတ်ပေါင်းစု လိုဏ်ဂူ ကျောက်ကိုးပွင့် အင်ကြင်းမြိုင်တောရရိပ်သာ တရားစခန်းအတွက် လိုအပ်လျက်ရှိသော ရေသွယ်ယူ လှူဒါန်းမှု အစုစုတို့ကို ဦးမင်းလှအောင်-ဒေါ်ကြူကြူမာ (နဂါးညီနောင် သင်္ကန်းတိုက်၊ ကုန်ဈေးတန်းလမ်း၊ ရန်ကုန်မြို့)က မတည် ဦးစီး၍ ဓမ္မမိတ်ဆွေများ စုပေါင်းလှူဒါန်းပြီးဖြစ်ပါ၍ ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီတွင် ယင်းတရားစခန်း၌ ရေစက်ချအလှူမင်္ဂလာပွဲ ကျင်းပသွားမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ အလှူရှင်များအား ဖိတ်ကြားထားကြောင်း သိရသည်။ (သတင်းစဉ်)

Amazing One ပန်းချီပြပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၃

Amazing One ပန်းချီပြပွဲကို နာမည်ကြီးပန်းချီဆရာများဖြစ်သော ထားဝယ်တူးတူး၊ ထားဝယ်လေးစိုးစိုး (လပွတ္တာ)၊ ခိုင်မင်းစိုး၊ နေအောင်ရှု၊ ထွန်းဝေ၊ မော်မော်တို့ပါဝင်သည့် ပန်းချီဆရာ ၃၁ဦး၏ ထူးခြားသော စိတ်ကူးများဖြင့် ဖန်တီးထားသည့် ပန်းချီကား ၁၀၀ကျော်အား တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာနိုင်ရန် Amayar Daewei Gallery 0f Myanmar Art& Jewellery၊ အမှတ်(၁၃၇) တက္ကသိုလ်ရိပ်သာလမ်း UFL အနီး ကမာရွတ်မြို့နယ်၌ ဧပြီ ၅ရက်မှ ၁၀ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ပိတ်ရက်မရှိ အခမဲ့ကြည့်ရှုလေ့လာနိုင်ကြောင်းနှင့် ဖုန်း- ၅၀၂၂၃၆၊ ၀၉-၅၁၈၈၅၆၅ တိုသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။(ကြေးမုံ)

ဘွဲ့တံဆိပ်တော်ရဆရာတော် ဂုဏ်ပူဇော်သဘင်ကျင်းပမည်

ရန်ကုန် ဧပြီ ၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၈)ဖြင့် သာသနာတော်ဆိုင်ရာ "အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ" ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် ရွှေလှိုင်အုတ်ကျောင်း စာချဆရာတော် ဘဒ္ဒန္တအဂ္ဂဉာဏအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူးပြီး ကျောင်းကြီးတိုက် ဓာတ်မီးပူဇော်ရေးနှင့် ဝေယျာဝစ္စအသင်း ဆရာတော်၏ ရဟန်းဒါယကာ၊ ဒါယိကာမများက ဂုဏ်ပြုပူဇော်ပွဲကို (၁၃၆၉ခုနှစ် တန်ခူးလဆန်း ၁ ရက်) ဧပြီ ၆ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကြည့်မြင်တိုင် ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓကုဋီကျောင်းတော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း-၅၃၇၆၄၇၊ ၅၂၅၇၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ယနေ့မီးဘေးကြိုတင်ကာကွယ်ရေးသည် မနက်ဖြန် မီးဘေးလုံခြုံရေးဖြစ်သည်။

တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရခိုင်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံ

နေပြည်တော် ဧပြီ ၃

ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ် အမှုဆောင် (ရခိုင်ပြည်နယ် တာဝန်ခံ)၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် မတ် ၃၀ရက်တွင် ဂွမြို့ရှိ နန္ဒရုံသီကင်းရုံးကျောင်းတိုက်သို့ ရောက်ရှိပြီး မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းခုနစ်ကျောင်းမှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆေးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ဂွမြို့နယ် ဆပ်သွားကျေးရွာ အခြေခံပညာ (တွဲဖက်) အထက်တန်းကျောင်းခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံ ပြည်သူများအား တွေ့ဆုံ၍ အမှာစကား ပြောကြားကြသည်။

လက်ခံ

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ဆပ်သွားကျေးရွာ အခြေခံပညာ(တွဲဖက်) အထက်တန်းကျောင်းအတွက် အလှူငွေကျပ် နှစ်သိန်းနှင့် ဘိလပ်မြေအိတ် ၅၀၊ ကျေးရွာပြည်သူများအတွက် အဝတ်အထည်များနှင့် စာစောင်များကို ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျိန္တလီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ကျင်းပသော ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျိန္တလီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်လှိုင်က ကျိန္တလီမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က လိုအပ်သည်များကို ဆွေးနွေးမှာကြားကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ အလှူငွေကျပ် ငါးသိန်း၊ လူမှုရေးအသင်းအဖွဲ့များသို့ အလှူငွေကျပ် တစ်သိန်းစီနှင့် အဝတ်အထည်များ၊ စာအုပ် စာစောင်များကို ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် သံတွဲမြို့နယ် ကျောက်ကြီးကျေးရွာ အထက်တန်းကျောင်း(ခွဲ)၌ကျင်းပသော လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး အမှာစကားပြောကြားကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ကျောက်ကြီးကျေးရွာ စိမ့်စမ်းရေသွယ်ရေး လုပ်ငန်းအတွက် ငွေကျပ် ၁၅ သိန်းနှင့် ကျေးရွာပြည်သူများအတွက် အဝတ်အထည်များကို ထောက်ပံ့ပေးအပ်သည်။

မှာကြားဖြည့်ဆည်းပေး

ဆက်လက်၍ ကျောက်ကြီးကျေးရွာ အသင်းဝင်အဆိုပြုလွှာများကို ရပ်ကွက် စည်းရုံးရေးမှူးက ပေးအပ်ရာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက လက်ခံပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျောက်ကြီးကျေးရွာ စိမ့်စမ်းရေသွယ်လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ညပိုင်းတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် သံတွဲမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တောင်ကုတ်၊ သံတွဲ၊ မအီမြို့နယ်တို့မှ အမှုဆောင်များ၊ ရပ်ကွက်စည်းရုံးရေးမှူးများအား တွေ့ဆုံဆွေးနွေးမှာကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ဂွမြို့နယ် ဆပ်သွားကျေးရွာ အခြေခံပညာ(တွဲဖက်) အထက်တန်းကျောင်းအတွက် အလှူငွေကျပ် နှစ်သိန်းနှင့် ဘိလပ်မြေအိတ် ၅၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စိတ်ဝင်စားဖွယ် စက်ရပ် သတင်းစုံလင်စွာဖြင့် ယခုတစ်ပတ် ရန်ကုန်တိုင်း(မ်) သတင်းဂျာနယ် ထွက်ရှိ

ရန်ကုန် ဧပြီ ၃

ယခုတစ်ပတ်ထုတ်ရန်ကုန်တိုင်း(မ်) ဂျာနယ် အတွဲ (၄) အမှတ် (၁၄)တွင် 'ရေလောင်းတဲ့သင်္ကြန် ငွေလောင်းတဲ့သင်္ကြန် ခါတော်မီသင်္ကြန်' စီးပွား သုံးသပ်ဆောင်းပါးနှင့်အတူ ဟိုင်းဝေး ခရီးသွားလာမှုတွင် ခရီးလမ်းပန်း အန္တရာယ်ကင်းရေး ဆောင်ရန်ရှောင်ရန် အချက်များ၊ အမျိုးသား အကျိုးစီးပွားနှင့် ယှဉ်သော စာပေလွတ်လပ်ခွင့်များ၊ ဆက်လက်တိုးမြှင့်ပေးသွားမည်ဟု ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ပြောကြား၊ မေလပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို လွတ်လပ်မျှတအောင် ဆောင်ရွက်မည်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းစာအုပ် ဖြန့်ချိပေးနေ၊ အက္ခရာနံပါတ်သစ် '၁၈/' လာပြီ၊ ပြည်ပနှင့်ချိတ်ဆက်၍ ရေထွက် ပစ္စည်းများ CMP စနစ်ဖြင့် re-export လုပ်ရန်စီစဉ်၊ အဝေးပြေးကားများကို စိစစ်ရန် စစ်ဆေးရေးဂိတ်များ ထားမည်၊ GMS ထိပ်သီး အစည်းအဝေး မြန်မာတက်ရောက်၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု အရှိန်မြှင့်ရန် GMS ခေါင်းဆောင်များ သဘောတူခဲ့၊ ဈေးနှုန်း အပြောင်းအလဲရှိသည့် လက်မှတ်ကြောင့် ခရီးသည်များ အခက်ကြုံနေ၊ မြို့တော်ဝန် သင်္ကြန်မဏ္ဍပ် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်၊ ရေကစားဖို့မဏ္ဍပ်နဲ့ ဈေးနှုန်းသိလိုလျှင်၊ သင်္ကြန်တွင်း စာပို့စာဝေမှုများ အမြန်ချောပို့ဖြင့် ဆောင်ရွက်ပေးမည်၊ လေကြောင်းခရီးများသင်္ကြန်မှာမနား၊ ပြောရေးဆိုခွင့် ရပ်ကွက်မှ 'သင်္ကြန်' အကြောင်းစသည့် ပြည်တွင်းရေးရာသတင်းများ၊ သင်္ကြန် အကြို နောက်ဆုံးစက်ရပ် သတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိ လာပြီ။

စွန့်ပစ်အမှိုက်များ ၆၀ ရာခိုင်နှုန်း လျှော့နည်းစေရန် ဂျပန်စီစဉ်၊ ထောက်ခံမှုကျဆင်းလို့ ဆာကိုဇီ အပြောင်းအလဲလုပ်၊ မလေးရှား လူဝင်မှုကြီးကြပ်ရေးက နိုင်ငံခြားသား အလုပ်သမား ၁၃၀ အား ထိန်းသိမ်းထား၊ အမေရိကန် ဆယ်ကျော်သက်မိန်းကလေး လေးဦးတွင် တစ်ဦးသည် လိင်ဆက်ဆံမှု ကူးစက်ရောဂါရှိနေ၊ ကိုရီးယားကျွန်းဆွယ် ပြန်လည်ပေါင်းစည်းရေး နိုင်ငံခြားအင်အားစုများ အပေါ်မှီခိုအားထားခြင်း မပြုသင့်၊ ချိန်းတော့ဖြင့် ချိန်းကြလေပြီ၊ အီရတ် အာဖဂန်စစ်ပွဲများအတွက် တပ်မှူးသစ် အမေရိကန်ရွေးချယ်၊ ဘောလုံးပွဲများတွင် အမျိုးသား သီချင်းမဆိုတဲ့ ဝိန်းရွန်းနီရဲ့ လျှို့ဝှက်ချက်၊ 'အသက်အာမခံ ဒေါ်လာ ၂ ဒသမ ၈ သန်း ရလိုမှုအတွက် လူသတ်မှုကျူးလွန်တဲ့ အဘွားအို နှစ်ဦး'အကြောင်း၊ နိုင်ငံတကာ မှုခင်းရေးရာ၊ 'ပြောရဦးမယ် သူတို့က ဒီလိုတဲ့' နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍသစ်၊ အသင်းကြီးတွေ ရတက်ဖြာအောင် ကစားရမယ့် ပရီးမီးယားလိဂ်ပွဲစဉ် (၃၃) အားကစား သုံးသပ်စသည့် နိုင်ငံတကာရေးရာ သတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာနှင့် အားကစားသတင်း စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

(သတင်းစဉ်)

မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မျိုးဆက်သစ် လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ 9th MGC Junior Golf Open Championship-2008 ကို ဧပြီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ရန်ကုန်မြို့ ကိုးမိုင်ရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

9th MGC Junior Golf Open Championship - 2008 ပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ၌ အသက် (၁၀-၁၂)နှစ်၊ အသက် (၁၃-၁၅)နှစ်၊ အသက် (၁၆-၂၀)နှစ်၊ အမျိုးသမီးပြိုင်ပွဲ၌ အသက် (၁၀-၁၈)နှစ် ဟူ၍ လေးတန်းခွဲခြား၍ ပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲများ၌ ဆုများကို သက်တန်းအလိုက် ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲများ၏ဆုများကို မြန်မာဂေါက်သီးရိုက်အသင်းနှင့် ကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် တစ်ဦးချင်း အလှူရှင်များက ကူညီပံ့ပိုးကြမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် ဧပြီ ၂၃ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ မြန်မာ ဂေါက်သီးရိုက်အသင်းသို့ အမည်စာရင်း ပေးသွင်းရမည်ဖြစ်ပြီး လူဦးရေ အကန့်အသတ်ရှိမည်ဖြစ်သဖြင့် ကြိုတင် စာရင်းပေးသွင်းရမည်ဖြစ်သည်။ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မြန်မာဂေါက်သီးရိုက်အသင်း ဖုန်း- ၆၆၁၇၀၂နှင့် ၆၆၅၅၃၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၃

ဦးအေးချိုသောင်း (M.T.E) သည် ကစားဖော်များ ဖြစ်ကြသော ဦးမောင်ကြည် (I.P.S.C)၊ ဦးခွန်အောင်စိုး (M.T.E)၊ ဦးသီဟ (M.T.E) တို့နှင့်အတူ ယမန်နေ့က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်းသီးရိုက်ကစားကြရာ XX 10 No.3 ဘောလုံးကို MARMUMMAN NANO IRON NO.7 သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၅ ကိုက်အကွာအဝေး၌ရှိသော ကျင်းအမှတ် (၅)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(က-ပ)

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၅) အမှတ်(၉)ထွက်ပြီ

ရန်ကုန် ဧပြီ ၃

ယခုတစ်ပတ်ဂျာနယ်တွင် ပင်လယ်ငါးဖမ်းလုပ်ငန်းများတွင် ငါးကြီးထက် ငါးသေး ပိုမိုဖမ်းမိ၊ ADRA-Myanmar မှ မွေးမြူရေးနည်းပညာ အကူအညီများ ပေးအပ်နေ၊ ယာဉ်ရပ်နားလုပ်ငန်းတင်ဒါ မြန်မာ့မီးရထားမှ ခေါ်ယူနေ၊ ဗီလားငါး အမယ်သစ် အစားထိုးပို့ကုန်ဖြစ်လာနိုင်၊ ကုန်သည်ကြီးများအသင်းချုပ် နှစ်ပတ်လည်အစည်းအဝေး သတင်းမီဒီယာများအား နေပြည်တော်သို့ဖိတ်ကြား စသည့် မျက်နှာဖုံးသတင်းများ၊ လှမြင့် (ရန်ကုန်တက္ကသိုလ်)၏ ရတနာပုံခေတ် လစာရိက္ခာဆောင်းပါး၊ ဖွံ့ဖြိုးတိုးတက်နေသည့် ယနေ့မွေးမြူရေးဇုန်များ၊ ကျေးလက်နေပြည်သူများအတွက် နို့စားနွား မွေးမြူရေးများ၊ ကိုကို(ကျိုက်ဝိုင်းသား)၏ သနပ်ခါးရနံ့သင်းပျံ့ချိန် ဆောင်းပါး၊ မောင်မြား၏ သဘောတွေ့မယ့် အသော့အထေ့ ဟာသများစသည့် ကဏ္ဍစုံလင်စွာဖြင့် ဖော်ပြပါရှိသည်။

စိမ်းလဲ့ရွှေပြည်ဂျာနယ် ဝယ်ယူနိုင်သည့် ဆိုင်များမှာ ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ ပန်းရွှေပြည်စာအုပ်ဆိုင်နှင့် ခရိုင်ပြန်/ဆက်ရုံးများတွင် ဝယ်ယူရရှိနိုင်သည်။ အနယ်နယ် အရပ်ရပ်မှ စာမူများကို ဖိတ်ခေါ်ထားရာ ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန် လိပ်စာမှာ ရွှေနိုင်ငံဂျာနယ် ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းရုံး အဆောက်အအုံ အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၈၂၀၇၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပညာရေး၊ ကျန်းမာရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာပြပွဲ ပြသမည်

ရန်ကုန် ဧပြီ ၃

မလေးရှားနိုင်ငံ၏ အဆင့်မြင့်ပညာရေး၊ ကျန်းမာရေးနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာပြပွဲ - ၂၀၀၈ (Malaysia Higher Education, Health and Tourism Fair Myanmar - 2008)ကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် Ball Room (2)၌ ဧပြီ ၄ ရက်မှ ၅ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအတွင်း ခင်းကျင်းပြသမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ အခမဲ့ လာရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မတ် ၃၁ ရက် နံနက် ၉ နာရီတွင် ပုလဲမြို့နယ် ဖလံပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဆောင်သစ်၌ ကျင်းပသော တွေ့ဆုံပွဲသို့ တက်ရောက်သည်။

အမှာစကားပြောကြား

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ၌ ကျေးရွာ ၃၀ တို့မှ ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲသို့ ဖလံပင်၊ မိုးကောင်း၊ ရှားတော၊ အိုင်းမ၊ သက္ကယ်ကျင်း၊ ဆယ်ပြင်၊ အေးချမ်းသာ၊ သဲပြင်ကျယ်၊ သစ်ကြီးတိုင်း၊ ဇီးတွင်းတောင့်၊ သံတောင်၊ ကျော်တော၊ ဝမ်းဘဲဥစသည့်ကျေးရွာ ၁၃ရွာတို့မှ ဒေသခံပြည်သူ၃၀၀၀ခန့် တက်ရောက်သည်။ တွေ့ဆုံပွဲတွင် တက်ရောက်လာကြသော ကျေးရွာများမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ် ကျော်ဆန်းက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ၊ ပညာရေး၊လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ဒေသအတွင်းပြည်သူများ လက်တွေ့အကျိုးခံစားနေရသည့် အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ပညာရေးဆိုင်ရာ လုပ်ငန်းများအတွက် အလှူငွေအဖြစ် ဆယ်ပြင်ကျေးရွာ မူလတန်းကျောင်း အမိုးပြုပြင်ရန်အတွက် ငွေကျပ်နှစ်သိန်း၊ ဇီးတွင်းတောင့်ကျေးရွာ မူလတန်းလွန်ကျောင်း နံရံပြုပြင်ရန်အတွက် ငွေကျပ်နှစ်သိန်း၊ သံတောင်ကျေးရွာ မူလတန်းကျောင်း အမိုးပြုပြင်ရန်အတွက် ငွေကျပ်နှစ်သိန်း၊ ဝမ်းဘဲဥကျေးရွာတွဲဖက်မူလတန်းကျောင်း နံရံပြုပြင်ရန်အတွက် ငွေကျပ်နှစ်သိန်း စုစုပေါင်းငွေကျပ်ရှစ်သိန်းကိုလည်းကောင်း၊ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဒေသခံပြည်သူများအတွက် စောင်၊ခြင်ထောင်၊ မျက်နှာသုတ်ပဝါ၊ ဒန်အိုး၊ အဝတ်အထည်၊ ဆပ်ပြာနှင့်အသုံးအဆောင်ပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းပြီး တက်ရောက်လာကြသော ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပုလဲမြို့နယ် ဖလံပင်ကျေးရွာ၌ ကျေးရွာ ၁၃ ရွာတို့မှ ဒေသခံ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းတည့် ၁၂နာရီတွင် ပုလဲမြို့နယ် ကန့်ဒေါင့်ကျေးရွာ မူလတန်းလွန်ကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်၌ ပြုလုပ်သော တွေ့ဆုံပွဲသို့ တက်ရောက်သည်။ တွေ့ဆုံပွဲသို့ ကန့်ဒေါင့်၊အောင်ချမ်းသာ၊ မဲဇရပ်၊ ကြောင်ဝံမူး၊ သာစည်၊ တုံးကန်၊ သက္ကယ်ကျင်း၊ နွယ်အင်း၊ ချင်ပြစ်ကျင်း၊ ပျော်ဘွယ်ကျင်း၊ ဝမ်းဘဲချိုင့်၊ပိတောက်ကုန်း၊ ကျီးပင်၊ တောင်ရွာသစ်၊ သရက်လှ၊ နှောရိုး၊ ကံရိုး၊ လယ်မြေ စသည့် ကျေးရွာ ၁၈ ရွာတို့မှ ဒေသခံပြည်သူ ၂၀၀၀ ကျော် တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ထို့နောက်တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ကျေးရွာများမှ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဒေသဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူးက ကန့်ဒေါင့်ကျေးရွာ မူလတန်းလွန်ကျောင်းအဆောက်အအုံအတွက် ငွေကျပ်နှစ်သိန်း၊ တောင်ရွာသစ် မူလတန်းကျောင်းဆောင်သစ်အတွက် ငွေကျပ်နှစ်သိန်း၊ ကံရိုးကျေးရွာ မူလတန်းလွန် ကျောင်းအဆောက်အအုံအတွက် ငွေကျပ်နှစ်သိန်း စုစုပေါင်း ငွေကျပ်ခြောက်သိန်းကိုလည်းကောင်း၊ ကျေးလက် စာကြည့်တိုက်များ အတွက် စာအုပ်စာစောင်များ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ဒေသခံ ပြည်သူများအတွက် ပလတ်စတစ်ကြိုး၊ ခြင်ထောင်၊ ဆပ်ပြာ၊ မိုးရေကာဖျင်နှင့် အသုံးအဆောင် ပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၂နာရီခွဲတွင် ပုလဲမြို့နယ် မင်းတိုင်ပင်စံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းရှေ့ရှိ ယာယီမဏ္ဍပ်တွင် ကျင်းပသော တွေ့ဆုံပွဲသို့ တက်ရောက်သည်။ အဆိုပါ တွေ့ဆုံပွဲသို့ မင်းတိုင်ပင်၊ မြေနီကုန်း၊ သရက်၊ ထန်းတောတိုက်၊ အိုးဘို၊ မကျီးကုန်း၊ နှောကန်၊ ကျောက်ဖျာကန်၊ အိုင်းမ၊ ချောင်းဦး၊ တောသာ၊ ဇီးဖြူကုန်း၊ ဦးနှောက်၊ သာယာကုန်း၊ သရက်ကန်၊ ချောင်းနား၊ တလိုင်းကန်၊ ဝါးကြီးတော၊ ညောင်ရင်းကုန်း၊ ကိုးပင်၊ လေမသုတ်၊ အင်ကြင်းစု၊ ကိုင်းတွင်း၊အင်းကန်၊ သပြေကုန်း၊ စပါးစေ့၊ လက်ပုကန်၊ ကုက္ကိုကုန်း၊ ဆင်ရှင်၊ အင်မထီး စသည့် ကျေးရွာ ၃၀ တို့မှ ဒေသခံပြည်သူ ၂၅၀၀ ခန့် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ပဏာမ ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ တက်ရောက်သော ဒေသခံပြည်သူများကိုယ်စား ကျောက်ဖျာကန်ကျေးရွာမှ ဦးဆန်းဝင်း၊ လက်ပုကန်ကျေးရွာမှ ဦးဝင်းမော်နှင့် ဦးနှောက်ကျေးရွာမှ ဦးဘိုငွေးတို့က ဒေသဖွံ့ဖြိုးရေးနှင့်တည်ငြိမ် အေးချမ်းရေးအတွက် နိုင်ငံတော်နှင့်အတူ ပူးပေါင်းလက်တွဲပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်းတင်ပြ ဆွေးနွေးကြသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူးက နိုင်ငံနှင့် လူမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် ပြည်သူများပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းဆွေးနွေး မှာကြားပြီး စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ၊ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းသုံး ဗလာစာအုပ်များ၊ ဒေသခံပြည်သူများအတွက် ဆပ်ပြာ၊ ဒန်အိုး၊ အဝတ်အထည်များ၊ ခြင်ထောင်များကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် မတ် ၂၉ ရက်မှ မတ် ၃၁ ရက်အထိ စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ်အတွင်း ကွင်းဆင်း ဆောင်ရွက်ခဲ့ရာ မြို့နယ်အတွင်း ကျေးရွာပေါင်း ၁၂၇ ရွာမှ ပြည်သူ ၂၅၀၀၀ ခန့်နှင့် တွေ့ဆုံခဲ့ပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ငွေကြေး၊ စာအုပ်စာစောင်များ၊ ကျောင်းသုံးဗလာစာအုပ်များနှင့် အသုံးအဆောင် ပစ္စည်းများ ပေးအပ်လှူဒါန်း၍ ဒေသနေ ပြည်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၄-၂၀၀၈ (သောကြာနေ့)

AM&PM

၇း၀၀	- ၁း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	- ၁း၀၅	‘အစကကြိုသိခဲ့ရင်’ တရားတော် (ပွင့်ဖြူဆရာတော် ဦးဣန္ဒသရိယ)
၈း၀၀	- ၂း၀၀	တေးဂီတအစီအစဉ်
၈း၀၅	- ၂း၀၅	ဖြိုးစေတနာ၏ အလင်းအလှူ
၈း၃၀	- ၂း၃၀	Myanmar Video Rhythm
၈း၅၅	- ၂း၅၅	သာယာချိုအေး(၃၈)ဖြာ မင်္ဂလာတေး (ဒုစရိုက်တရားမြဲရှောင်ရှား)
၉း၀၅	- ၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	- ၃း၁၅	တေးဂီတအစီအစဉ်
၉း၂၀	- ၃း၂၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၉း၃၅	- ၃း၃၅	**‘ဒါ’ ဖောရိန်းမိတ်တဲ့လားဗျာ (ထူးသာ၊ ညီရော်၊ ဆုပန်ထွာ) [ဒါရိုက်တာ-ဝေဠု(ဝသုန်)]**
၉း၅၀	- ၃.၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၅	- ၃း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	- ၄း၀၀	ခြိမ့်ခြိမ့်သဲသဲ ဆင်ကာနွှဲ နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲ
၁၀း၂၅	- ၄း၂၅	မိုးလေဝသခန့်မှန်းချက်
၁၀း၃၀	- ၄း၃၀	Art Vision (Remind Contemporay Myanmar Art Exhibition
၁၀း၅၀	- ၄း၅၀	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးနှင့်ဆွေးနွေးခန်း)
၁၁း၁၅	- ၅း၁၅	တေးဂီးတအစီအစဉ်
၁၁း၂၀	- ၅း၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၀	- ၅း၃၀	ဖိုးသကြီးန်ကောင်းမှု (ပိုင်သီခ်၊ ပုလဲဝင်း)
၁၁း၄၀	- ၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅	- ၅း၄၅	ရွှေဖြူ၏အလေအလွင့်များမှသည် စက်မှုစွမ်းအားဖြင့် ခရမ့်ရော်ဘာဆီသို့
၁၂း၀၀	- ၆း၀၀	လေလှိုင်းမှ ဖြေကြား ပရိသတ်များ အမေးစကား
၁၂း၂၀	- ၆း၂၀	တေးဂီးတအစီအစဉ်
၁၂း၂၅	- ၆း၂၅	လောကကို အလှဆင်မည့် ပန်းများရဲ့ ဥယျာဉ်
၁၂း၄၀	- ၆း၄၀	VJ CHOICE
၁း၀၀	- ၇း၀၀	MRTV-4 အပိတ် Logo

ပဲခူးတိုင်း ကညွတ်ကွင်းမြို့၌ မဟာဝိဇယသိမ်တော်ကြီး နှစ်တစ်ရာပြည့်နှင့် ဘက်စုံမွမ်းမံပြုပြင်မှု အောင်မြင်ခြင်းအထိမ်းအမှတ် ရေစက်ချအလှူမင်္ဂလာ ကျင်းပ

နေပြည်တော် ဧပြီ ၃

ပဲခူးတိုင်း ကညွတ်ကွင်းမြို့ ငါးထပ်ကြီးဘုရားဝင်းအတွင်း၌ သိမ်ဒါယကာ ဦးဖိုးညွန့်၊ ဇနီး ဒေါ်သင်တို့က ၁၂၇၀ ပြည့်နှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့သော မဟာဝိဇယသိမ်တော်ကြီး နှစ်တစ်ရာပြည့်နှင့် ဘက်စုံမွမ်းမံပြုပြင်မှုအောင်မြင်ခြင်းအထိမ်းအမှတ် ရေစက်ချ အလှူမင်္ဂလာ အခမ်းအနားကို မတ် ၃၀ ရက် နံနက်ပိုင်းတွင် ငါးထပ်ကြီးဘုရား ကိုးခန်းဓမ္မာရုံကြီး၌ ကျင်းပရာ အခမ်းအနားသို့ မဟာဝိဇယသိမ်တော်ကြီး ဘက်စုံမွမ်းမံပြုပြင်မှု အလှူရှင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဇနီး ဒေါ်ခင်လေးမြင့်၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ ကညွတ်ကွင်းမြို့နယ် ဥက္ကဋ္ဌ ဦးတင့်ဆွေမြင့်၊ မြို့နယ် သာသနာရေးမှူး ဦးဘခင်၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဇနီး၊ ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး ဗိုလ်ချုပ်ဇော်ဝင်းက မဟာဝိဇယသိမ်တော်ကြီး သမိုင်းနှင့် ဘက်စုံမွမ်းမံပြုပြင်ရခြင်း ရည်ရွယ်ချက်ကို ဆရာတော်ကြီးများထံ တင်ပြလျှောက်ထားသည်။

ထို့နောက် ပရိသတ်တို့က ငါးထပ်ကြီးဘုရား မင်္ဂလာမြို့ထောင့်ကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကညွတ်ကွင်းမြို့ သံဃာ့ပဓာန နာယကဆရာတော်ကြီးများ အမှူးပြုသော ဆရာတော် သံဃာတော် အပါး ၅၀ တို့က အန္တရာယ်ကင်း ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်ဇော်ဝင်းနှင့်ဇနီး မိသားစုတို့က ဆရာတော် သံဃာတော်များထံ လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မင်္ဂလာမြို့ထောင့်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံမှ ရေစက်ချ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဇော်ဝင်းနှင့် ဇနီး မိသားစုများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခနေတ်ဘုရားပွဲတော် ကျင်းပမည်

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း ဒလမြို့နယ် သမိုင်းဝင်ဆံတော်ရှင် ခနေတ်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကို ၁၃၆၉ ခုနှစ် တန်ခူးလဆန်း ၁၁ ရက်မှ ၁၅ ရက်အထိ ဇာတ်ပွဲ၊ သဘင်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း အနယ်နယ် အရပ်ရပ်မှ အလှူရှင်များ ကြည်ညိုသဒ္ဓါပွား လှူဒါန်းနိုင်ရန် နှိုးဆော်ထားသည်။ (က-ပ)

ဆရာစံ သီတဂူဓမ္မသဘင် အထူးတရားပွဲ

ရန်ကုန် ဧပြီ ၃

စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၏ အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတရေ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ(သပိတ်အိုင်တောရ သဲကုန်းဆရာတော်) သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt, Ph.D)သည် ၁၃၆၉ ခုနှစ် တန်ခူးလဆန်း ၁ ရက် ဧပြီ ၆ ရက် (တနင်္ဂနွေနေ့) ည ၇ နာရီတွင် ကျိုက္ကဆံအားကစားကွင်း ဂိတ်အမှတ်(၉) အနောက်မြင်းပြိုင်ကွင်းလမ်း၌ ဆရာစံ သီတဂူဓမ္မသဘင် (အထူးတရားပွဲ)၊ သီတဂူ အာယုဒါနဆေးရုံတော် ဆေးနှင့် ဆေးပစ္စည်းအလှူ အထူးဓမ္မသဘင် အခမ်းအနား ကျင်းပမည်ဖြစ်ပြီး လှူဒါန်းလိုသူများသည် သီတဂူ အထောက်အကူပြုအဖွဲ့(ဆရာစံ) နိဗ္ဗာန်ဆော် (ဝါတွင်း၊ ဝါပ) ဆွမ်းလောင်းအသင်း၊ ဆက်သွယ်ရန် ဦးဝင်းထွန်း ဖုန်း- ၅၄၀၂၂၆၊ ဦးဇင်မောင်သိန်း ဖုန်း- ၀၉၅၁၃၀၆၉၃၊ ကိုတင်ထွန်း ဖုန်း- ၅၅၄၁၈၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

အိမ်မဲမြို့နယ်အသင်း ဆွမ်းဆန်စိမ်းလောင်းမည်

ရန်ကုန် ဧပြီ ၃

အိမ်မဲမြို့နယ် ရာပြည့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို သင်္ကြန်အတက်နေ့ (ဧပြီ ၁၆ ရက်)တွင် ကျင်းပမည်ဖြစ်ရာ အိမ်မဲမြို့နယ်အသင်း(ရန်ကုန်) ဌာနေအသင်းဝင်များနှင့် စုပေါင်းကာ လောင်းလှူမည်ဖြစ်ပါသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ တစ်ရက်ကြိုတင်သွားရောက်မည်ဖြစ်ရာ ဧပြီ ၁၅ ရက်တွင် စုရပ်ဖြစ်သော လသာလမ်းနှင့် ကျုံကြီးလမ်းထောင့် မြန်မာနိုင်ငံ စာစစ်အဖွဲ့ရုံးဟောင်းရှေ့မှ နံနက် ၆ နာရီ ကားထွက်မည်ဖြစ်ပါ၍ လိုက်ပါလှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးအောင်တင် ဖုန်း- ၂၅၁၃၂၃၊ ဒုတိယဥက္ကဋ္ဌ ဦးတင်သိန်း ဖုန်း-၂၄၆၉၃၇၊ အတွင်းရေးမှူး ဦးမြင့်စိုး ဖုန်း- ၅၆၅၁၄၀ ၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းနိုင် ဖုန်း-၆၆၂၄၆၇၊ ဦးကြည်ဦး ဖုန်း-၅၂၄၄၆၀၊ အကျိုးဆောင် ဦးသိန်းလွင် ဖုန်း-၆၆၁၃၄၉တိုသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

❖ **ကျောဖုံးမှ**

သိပ္ပံပညာရှင်များသည် နေ၏ ပြင်ပရှိ အခြားကြယ်ကြီးများ (နေ)များကို လှည့်ပတ်သွားလာနေသော ဂြိုဟ်များ၏ ဆွဲအားကြောင့် သက်ဆိုင်ရာ နေများပေါ်တွင် အရွယ်အစား ပြောင်းလဲမှုကို လေ့လာကာ တွက်ချက်ယူခြင်းကြောင့် ဂြိုဟ်သစ်များတည်ရှိနေမှုကို ဖော်ထုတ်နိုင်ခဲ့ကြခြင်းဖြစ်သည်။

ဤသို့လေ့လာရာ၌ ကြယ်တစ်လုံးစီ၏ အချိန်အခါအလိုက် (လအလိုက်) ပြောင်းလဲမှုများကို အသေးစိတ်လေ့လာပြီးမှ ဖော်ထုတ်ရခြင်းဖြစ်၍ ဂြိုဟ်အသစ်တစ်လုံးကို တွေ့ရှိရန် အချိန်များစွာယူ၍ စူးစမ်းဖော်ထုတ်ရခြင်းဖြစ်သည်။ **အမ်အင်အေးဆင်ဟွာ။**

မရမ်းကုန်းမြို့နယ် သမိုင်း (၁)ရပ်ကွက် (၂)လမ်းရှိ ရတနာမဋ္ဌူ ဓမ္မရိပ်သာကျောင်းတိုက်အတွင်း ဆောက်လုပ်လျက်ရှိသော စိတ္တဝိဝေက လေးထပ်ကျောင်းတော်ကြီးအတွက် ရန်ကုန်မြို့ အလုံမြို့နယ် ရွှေဂုံတိုင်နေ ကိုအောင်သန်းဝင်း-မနီလာဝင်း မိသားစုက အလှူတော်ငွေ ကျပ်တစ်သိန်းကို ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ) ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ နာယက ဦးမြသန်း လက်ခံယူစဉ်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၄-၄-၂၀၀၈ (သောကြာနေ့)

၁၃၆၉ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	မြန်မာ့အနုလက်ရာ ထင်ရှားကြည်ညိုဖွယ်ရာနှီးဘုရား
၈:၁၀	၅။	တေးဂီတအစီအစဉ်
၈:၂၀	၆။	အကပဒေသာ
၈:၃၀	၇။	International News
၈:၄၅	၈။	**'သတိနဲ့ယှဉ် အသိနဲ့ပြင်' (အပိုင်း-၂) (ဝါးခယ်မရဲမောင်၊ ဘုန်းလျန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး၊ (ဒါရိုက်တာ မင်းအုပ်စိုး)**
၉:၀၀	၉။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၅	၂။	မြန်မာစာ မြန်မာစကား (အပိုင်း-၂)
၄:၃၀	၃။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၄၀	၄။	Practice in Reading (Lession-4)
၄:၅၅	၅။	တေးဂီတအစီအစဉ်
၅:၁၀	၆။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (သမိုင်းအထူးပြု)(သမိုင်း)
၅:၂၅	၇။	တေးဂီတအစီအစဉ်
၅:၃၅	၈။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၅:၄၅	၉။	တေးဂီတအစီအစဉ်
၆:၀၀	၁၀။	ညနေခင်းသတင်း
၆:၃၀	၁၁။	မိုးလေဝသအခြေအနေ
၆:၃၅	၁၂။	သုတစုံလင် ရွှေဉာဏ်ရှင်
၇:၀၅	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ 'လေဒီယာနှင့် ဆုံစည်းခြင်း' (အပိုင်း-၂၀)**
၇:၅၀	၁၄။	ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး ဆရာဒကာ လက်တွဲညီစွာ ကြိုးပမ်းဆောင်ရွက်မှု (အပိုင်း-၁)
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	တေးဂီတအစီအစဉ်
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝဆက်တိုင်း' (အပိုင်း-၁၄)**
	၂၀။	အစီအစဉ်ပြီး၏။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်များ မန်ယူနှင့် ဖီနာဘာချီ နိုင်ပြီး အာဆင်နယ်နှင့် လီဗာပူး သရေကျ

လန်ဒန် ဧပြီ ၃

ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ပထမအကျော့ ဒုတိယနေ့ပွဲစဉ်များကို ယနေ့ယှဉ်ပြိုင် ကစားခဲ့ရာ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ရှိ အာဆင်နယ်၏ အီမရိတ်ကွင်းတွင် ကျင်းပသည့် အာဆင်နယ်နှင့် လီဗာပူးတို့၏ ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ ယနေ့ပွဲ၌ အာဆင်နယ်အတွက် အဖွင့်ဂိုးကို ပွဲကစားချိန် ၂၃ မိနစ်တွင် ညာခြမ်းမှ ဗန်ပါစီ တင်ပေးလိုက်သည့် ထောင့်ကန်ဘောမှတစ်ဆင့် အဒီဘာယောက ခေါင်း တိုက်သွင်းယူပေးခဲ့ခြင်း ဖြစ်သည်။ ပွဲချိန် ၂၆ မိနစ်တွင် လီဗာပူးမှ ဂျရတ် တစ်ကိုယ်တော် အစွမ်းဖြင့် ဘောလုံးကို သယ်လာပြီး ညာခြမ်းမှ ဂိုးရှေ့သို့ ပို့ပေးရာ ဒါးကုက်က ပိတ်သွင်းနိုင်ခဲ့ခြင်းကြောင့် တစ်ဖက် တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

တူရကီနိုင်ငံ ဆပ်ရူဆာရာကိုဂလူမြို့ အီစတန်ဘူလ်ကွင်းတွင် ကျင်းပသည့် ဖီနာဘာချီနှင့် ချယ်လ်ဆီးတို့ပွဲတွင် အိမ်ရှင်ဖီနာဘာချီက အင်္ဂလန်ကလပ် ချယ်လ်ဆီးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ အိမ်ရှင် ဖီနာဘာချီအတွက်ဂိုးများကို ပွဲချိန် ၆၅ မိနစ်တွင် ကာဇန်၊ ၈၁ မိနစ်တွင် ဒေးဗစ်တို့က သွင်းယူခဲ့ခြင်းဖြစ်ပြီး ချယ်လ်ဆီးအတွက် အဝေးကွင်း တစ်ဂိုးကို ဖီနာဘာချီ ကစားသမား ဒေးဗစ်က ချယ်လ်ဆီးမှ မာလူဒါ၏ ဖြတ်တင်ဘောကို ဖျက်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ် သွင်းမိသွားခြင်းဖြစ်သည်။

အီတလီနိုင်ငံ ရောမမြို့ အိုလံပစ်ကိုကွင်းတွင် ရိုးမားနှင့် မန်ယူတို့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်ကို ဧပြီ ၂ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဧည့်သည် မန်ယူအသင်းက အိမ်ရှင်ရိုးမားကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂျာမနီနိုင်ငံ ဂျယ်ဆင်ကာချင်မြို့ ဗယ်လ်တင်းအရီနာကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ရှော်လ်ကေးနှင့် ဘာစီလိုနာတို့၏ပွဲတွင် ဧည့်သည် ဘာစီလိုနာက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ **အင်တာနက်။**

ထူးထူးခြားခြား ကမ္ဘာ့အားကစားလောက မှတ်တမ်းများ

ကမ္ဘာ့အားကစားလောကတွင် သမိုင်းတင် သမိုင်းတွင်ခဲ့သည့် အဖြစ်အပျက်များ၊ ထူးခြားထင်ရှားသော မှတ်တမ်းများရှိခဲ့သည်။ ယင်းတို့အနက်မှ အချို့ကို ဖော်ပြလိုက်ပါသည်။

သက်တမ်းအရှည်ဆုံး မာရသွန်ပြိုင်ပွဲ

ကမ္ဘာပေါ်တွင် သက်တမ်း အရှည်ကြာဆုံး မာရသွန်ပြိုင်ပွဲမှာ အမေရိကန်နိုင်ငံမှ ဘော်စတွန် မာရသွန်ပြိုင်ပွဲ ဖြစ်သည်။ ဘော်စတွန် မာရသွန်ပြိုင်ပွဲကို ၁၈၉၇ ခုနှစ် ဧပြီလ ၁၉ ရက်တွင် စတင်ကျင်းပခဲ့ရာ ခရီးတာအရှည်မှာ ၃၉ ကီလိုမီတာ (၂၄ မိုင်၊ ၁၂၃၂ကိုက်) ဖြစ်သည်။ အဆိုပါ ဘော်စတွန် ပြိုင်ပွဲ၏ ထင်ရှားကျော်ကြားသော မာရသွန်ချန်ပီယံမှာ အမေရိကန်မှ ဂျွန်အေ ကယ်လီ ဆိုသူဖြစ်ပြီး ၁၉၂၈ ခုနှစ်မှ ၁၉၉၂ခုနှစ်အတွင်း ပြိုင်ပွဲများ၊ ၁၉၃၅ ခုနှစ်နှင့် ၁၉၄၅ ခုနှစ် ပြိုင်ပွဲတို့တွင် စုစုပေါင်း (၆၁)ကြိမ် ဗိုလ်စွဲခဲ့ကြောင်း မှတ်တမ်းများ၌ ဖော်ပြထားသည်။

အသက်အကြီးဆုံး မာရသွန်သမား

ဂရိနိုင်ငံမှ အပြေးသမား ဒီမီထရီယွန်ယော်ဒါနီဒိစ် ဆိုသူ အမျိုးသားကြီးသည် ၁၉၇၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်က ဂရိနိုင်ငံ အေသင်မြို့၌ ပြုလုပ်သည့် မာရသွန် (၂၆ မိုင်) ပြေးပွဲ၌ ၇ နာရီ ၃၃ မိနစ်ဖြင့် ပန်းဝင်ခဲ့သည်။ ထိုစဉ်က သူ၏အသက်မှာ (၉၈)နှစ် ဖြစ်သည်။

ထို့အတူ အသက်အကြီးဆုံး အမျိုးသမီး မာရသွန်အပြေးသမားမှာ ယူနိုက်တက်ကင်းဒမ်းမှ ဂျင်နီဝုဒ်ဆိုသူ ဖြစ်သည်။ သူမသည် ၂၀၀၂ ခုနှစ် ဧပြီ ၁၄ ရက်က ကျင်းပခဲ့သည့် လန်ဒန်မာရသွန်ပြိုင်ပွဲတွင် ၁၁ နာရီ ၃၄ မိနစ်ဖြင့် ပန်းဝင်သည်အထိ မလျှော့သောဇွဲဖြင့် ပြေးနိုင်ခဲ့သည်။ သူမ၏ အသက်မှာ နှစ် (၉၀)နှင့် (၁၄၅) ရက် ဖြစ်သည်။

လုံတံအဝေးဆုံးပစ်နိုင်သူ

ကျူးဘားနိုင်ငံသူ အော့စ်လိုင်းဒီမီနန်ဒက် ဆိုသူ **(အပေါ်ပုံ)**သည် ၂၀၀၅ ခုနှစ် ဩဂုတ် ၂၄ ရက်က ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့၌ ကျင်းပသည့် ပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသမီး လုံတံပစ်ပြိုင်ပွဲ၌ ၇၁ ဒသမ ၇မီတာ(၂၃၅ပေ)အကွာအဝေးထိ ရောက်အောင် ပစ်ကာ လုံတံအဝေးဆုံးရောက်အောင် ပစ်နိုင်သူ အမျိုးသမီးအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

HORIZON LEAGUE ဘတ်စကက်ဘောပြိုင်ပွဲ KKS အသင်း ၁၄ မှတ်ဖြင့် ဦးဆောင်နေ

ရန်ကုန် ဧပြီ ၃

မြန်မာနိုင်ငံ ဘတ်စကက်ဘော အဖွဲ့ချုပ်နှင့် Horizon Int'l Education Center တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၇-၂၀၀၈ ရာသီ Horizon League ဘတ်စကက်ဘော ပြိုင်ပွဲကို မတ် ၃၀ ရက် နံနက်ပိုင်းက ကျိုက္ကဆံ အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲတွင် Filipino အသင်းက CCY အသင်းကို (၅၇-၅၃) မှတ်၊ GB အသင်းက The Gyuts အသင်းကို (၅၉-၅၂)မှတ်၊ Furious အသင်းက Last Vampire အသင်းကို (၉၁-၇၈) မှတ်တို့ဖြင့် အနိုင်ရရှိသွားသည်။ မတ် ၂၃ ရက်က ကျင်းပခဲ့သော ပွဲစဉ်များတွင် The Gyuts က Furious ကို (၈၃-၈၁) မှတ်၊ Last Vampire က WHO ကို (၇၀-၃၀) မှတ်၊ Cow Boy က GB ကို (၉၄-၆၃)မှတ်၊ Blue Boy က CCY ကို (၇၆-၆၅)မှတ်တို့ဖြင့် အနိုင်ရရှိခဲ့သည်။

မတ် ၃၀ ရက် ပွဲစဉ်များ အပြီးတွင် KKS အသင်းက ခုနစ်ပွဲကစား ခုနစ်ပွဲနိုင် (၁၄)မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး Cow Boy အသင်းနှင့် Red Star အသင်းက ခြောက်ပွဲကစား၊ ခြောက်ပွဲနိုင်၊ (၁၂)မှတ်ဖြင့် နောက်မှလိုက်နေသည်။

(ကြေးမုံ)

တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် လားရှိုးမြို့ အော်တိုအိတ်ချိန်းကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃

ရတနာပုံမြို့သစ်စီမံကိန်းတည်ဆောက်ရေးကော်မတီ ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်သည် မတ် ၂၉ရက်တွင် တာဝန်ရှိသူများနှင့်အတူ ရတနာပုံတယ်လီပို့ အဆောက်အအုံသို့ရောက်ရှိပြီး ရတနာပုံမြို့သစ်၌ လာရောက်ရင်းနှီးမြှုပ်နှံကြမည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၏ မြေနေရာခွဲဝေချထားရေးညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သိန်းဇော် နောင်ချိုမြို့ ဒစ်ဂျစ်တယ်အိတ်ချိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။
(ဆက်သွယ်ရေး)

ညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ကုမ္ပဏီနှင့် လုပ်ငန်းရှင်များသို့ နိုင်ငံတော်မှ ချမှတ်ပေးသော မူဝါဒများ၊ ပံ့ပိုးပေးမည့် အစီအစဉ်များကို ဆွေးနွေးမှာကြားပြီး Softbase Factory Area ၌ စက်ရုံတည်ဆောက်ကြမည့် ကုမ္ပဏီများမှ ပြန်လည်ဆွေးနွေးချက်များကို ဝန်ကြီးက ဖြည့်စွက်ဆွေးနွေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အစည်းအဝေးအပြီးတွင် ဝန်ကြီးက Softbase Factory Area သို့ လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မတ် ၃၀ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့ ဒစ်ဂျစ်တယ်အိတ်ချိန်းသို့ ရောက်ရှိပြီး ဆက်သွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက နောင်ချိုမြို့၌ ဆက်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းမှတစ်ဆင့် ဝန်ကြီးသည် ကျောက်မဲမြို့ မိုက္ကရိုဝေ့ဗ်စခန်းနှင့် အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး အိတ်ချိန်းစက်ခန်းများနှင့် တပ်ဆင်ထားသည့် G.S.M တယ်လီဖုန်းစနစ် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံ အင်ဂျင်နီယာများ၏ ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် သီပေါမြို့ ဆက်သွယ်ရေးစခန်းအတွင်း G.S.M တယ်လီဖုန်းစနစ် တပ်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီးတို့သည် လားရှိုးမြို့ အော်တိုအိတ်ချိန်းသို့ ရောက်ရှိကြပြီး အိတ်ချိန်းစက်ခန်းများနှင့် အသစ်တပ်ဆင်လျက်ရှိသော လိုင်း ၃၅၀၀ ပါ အိတ်ချိန်းအသစ်တပ်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြပြီး သက်ဆိုင်ရာ တာဝန်ခံ အင်ဂျင်နီယာများ၏ ရှင်းလင်း တင်ပြမှုများအပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ကြီးက စက်ပစ္စည်းများကို သတ်မှတ်ချိန်အတွင်း အချိန်မီ ပြီးစီးရေးနှင့် စနစ်တကျကိုင်တွယ် အသုံးပြုနိုင်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရင်နှင့်အောင်မွေး ဆက်လက်ပြသ နှစ်ဆန်းတစ်ရက် 'ဟော့ရှော့' ကားသစ်ဝင်မည်

ရန်ကုန် ဧပြီ ၃

ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများတွင် ဧပြီ ၄ ရက်(သောကြာနေ့)တွင်မြန်မာရုပ်ရှင် ဇာတ်ကားသစ်ရုံမတင်ဘဲ ပြသဆဲမြန်မာရုပ်ရှင်ဇာတ်ကား **ရင်နှင့်အောင်မွေး** ဇာတ်ကားတစ်ကားတည်းသာ သမ္မတနှင့် သွင်ရုံ နှစ်ရုံတွင် ဆက်လက်ပြသွားမည် ဖြစ်သည်။ အဆိုပါ ဇာတ်ကားတွင် လွင်မိုး၊ နေအောင်၊ ထွန်းထွန်းဝင်း၊ မေတ္တာ၊ မိုးဒီ၊ ခိုင်တင်၊ ခင်သန်းနု၊ နွဲ့နွဲ့မူ၊ သရုပ်ဆောင်သစ် သုခစိုး၊ မျိုးသန္တာထွန်း၊ နဝရတ်၊ နွဲ့နွဲ့စန်း၊ ထူးမွန်၊ ခင်မို့မို့အေး၊ နဒီမင်းသန့်၊ ဒေါ်ခင်ခင်ကြီးတို့နှင့်အတူ သရုပ်ဆောင်များစွာ ပါဝင်ကြပြီး အချစ်ဇာတ်ကားနှစ်သက်ကြသူများ အကြိုက်တွေ့မည့် ဇာတ်ကားဖြစ်သည်။

ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် မြန်မာရုပ်ရှင်ကားသစ်ဖြစ်သည့် **ဟော့ရှော့** ဟု အမည်ပေးထားသော အချစ်၊ ဟာသ၊ ပညာပေး ဇာတ်ကားသစ် ရုံတင်ပြသမည်ဖြစ်သည်။ မိသားစု သံယောဇဉ်၊ တစ်လင်တစ်မယားစနစ်က မိသားစုဘဝကို ပျော်ရွှင်မှု ဖန်တီးပေးနိုင်ပုံ၊ စိတ်ကူးယဉ်နှင့် လက်တွေ့ဘဝကွာခြားပုံ ဘဝအမောများကို ဟာသနှော၍ ရိုက်ကူးထားသည်။ လပ်ကီးဆဲဗင်း ရုပ်ရှင် ထုတ်လုပ်ရေးမှ မအေးအေးဝင်း စီစဉ်ပြီး အကြည်တော်၏ဇာတ်ညွှန်းကို ဒါရိုက်တာ ညီညီထွန်းလွင်က ရိုက်ကူးထားခြင်းဖြစ်သည်။ အဆိုပါ **ဟော့ရှော့** ဇာတ်ကားတွင် ရန်အောင်၊ သူထူးစံ၊ မိုးအောင်ရင်၊ ဗေလုဝ၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ သက်မွန်မြင့်၊ သင်ဇာဝင့်ကျော်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

မြန်မာနှစ်ဆန်းတစ်ရက် (ဧပြီ ၁၇ ရက်)တွင် ရုံတင်ပြသမည့် ဟော့ရှော့ ဇာတ်ကားသစ်မှ ရန်အောင်၊ မို့မို့မြင့်အောင်နှင့် မေသန်းနုတို့၏ ဇာတ်ဝင်ခန်းတစ်ကွက်ကို တွေ့ရစဉ်။

နိုင်ငံခြားရုပ်ရှင်

မင်္ဂလာရုံတွင် ဆော်ဒီအာရေဗျနိုင်ငံ၌ အကြမ်းဖက်သမားများ၏ သတ်ဖြတ်မှုကို ခံကြရသည့် အမေရိကန်နိုင်ငံသားများအတွက် အက်ဖ်ဘီအိုင်အဖွဲ့နှင့် ဆော်ဒီအာရေဗျ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းဖော်ထုတ်ပုံကို ဇာတ်လမ်းဆင်ရိုက်ကူးထားသည့် THE KINGDOM ဇာတ်ကား ပြသမည် ဖြစ်ပြီး၊ ရွှေဆောင်ရုံတွင် မိမိခုန်ပျံ ကျော်လွှားလိုသောနေရာကို စိတ်ကူးရုံဖြင့် လက်တွေ့ခုန်ပျံနိုင်သော စွမ်းအင်ကို မမျှော်လင့်ဘဲ ရရှိခဲ့သူ လူငယ်လေးတစ်ဦး၏ ဘဝကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည့် Jumper ဇာတ်ကားပြသမည် ဖြစ်သည်။ နေပြည်တော်ရုံတွင် ကမ္ဘာ့အကြမ်းဖက် တိုက်ဖျက်ရေး ထိပ်သီးအစည်းအဝေးတက်နေသည့် သမ္မတ တစ်ဦး လုပ်ကြံခံရမှုကို စုံစမ်းဖော်ထုတ်သည့် ဇာတ်လမ်းဖြစ်သည့် VANTAGE POINT စုံထောက်ဇာတ်ကား ပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်

ဘုရင့်ရုံတွင် ဒါရိုက်တာ အင်ဒရာကပူး ရိုက်ကူးသည့် မိဘမေတ္တာဘွဲ့ ဇာတ်ကားဖြစ်သော RISHTEY ဇာတ်ကားပြသမည်ဖြစ်သည်။ ၄င်းဇာတ်ကားတွင် ကာရစ်ရှမာကပူး၊ အန်နီးကပူးနှင့် ဆီလ်ပါရှက်တီတို့ ခေါင်းဆောင်ပါဝင်သည်။ ဆုထူးပန်ရုံတွင် နာမည်ကြီး အိန္ဒိယ မင်းသားချော ရှူနီးလ်ရှက်တီး ပါဝင်သည့် PYAAR ISHQ MOHABBAT ချစ်မေတ္တာဘွဲ့ဇာတ်ကားများ ပြသမည် ဖြစ်သည်။

(ကြေးမုံ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် ရန်ကုန်မြို့ အရှေ့ရန်ကင်းနေ မိဘနှစ်ပါးနှင့် ဦးမြင့်ဦးအား ရည်စူး၍ ဒေါ်မေမေထားနှင့် မိသားတစ်စုတို့က အလှူငွေကျပ် ၂၅၀၀၀၀ကို ပေးအပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် တိ-နီ သာသနာပြုဥပဋ္ဌာက အကျိုးတော်ဆောင်များဖြစ်ကြသော ဦးလှကျင်၊ ဦးညွန့်စိန်၊ ဦးသန်းစိုး၊ ဦးတင့်လွင်၊ ဦးအောင်မျိုး ဦးဆောင်သော ရာသက်ပန် အဖွဲ့ဝင်များက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးနှင့် စာအောင်ဆုနှင်းသဘင်အတွက် အလှူငွေကျပ် လေးသိန်းကို ပိဋက နှစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တစက္ကိန္ဒထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နီ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆)ရပ်ကွက်ရှိ မေတ္တာဝါဒီဟာသ်ာတ (ပရဟိတ) ကိုးထပ်ကျောင်းဆောင်သစ်ကြီးတည်ဆောက်ရန်အတွက် အင်္ဂပူမြို့နယ် ကွင်းကောက်မြို့နေ ကွယ်လွန်သူ ဖခင်ကြီးအား ရည်စူး၍ မိခင်ကြီး ဒေါ်ကျင်ရီနှင့် မိသားစုက အလှူငွေကျပ် သုံးသိန်းကို မတ် ၂၈ ရက်က နာယက ဆရာတော် ဘဒ္ဒန္တသီလာနန္ဒအား လှူဒါန်းစဉ်။ (ကြေးမုံ)

အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၃

ကျေးဇူးတော်ရှင် နာဂလိုဏ်ဂူ အဘိုးကလေးဝ ဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော ပဲခူးမြို့ ကလျာဏီရပ်ကွက် ရွှေဂူလေး မဟာပဒုမစာသင်တိုက်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း အမှတ်(၁၂)တွင် ဒုလ္လဘ ရဟန်းခံ ရှင်ပြု၊ သီလရှင်ဝတ်ပွဲနှင့် သင်္ကြန်ကြိုပွဲကို ဧပြီ ၉ ရက် မှ ၁၇ ရက် အထိ အဓိဋ္ဌာန်တရားစခန်းပွဲများကို ကျင်းပမည်ဖြစ်ပါ၍ ပဲခူးမြို့ ရွှေဂူလေး ဖုန်း-၀၅၂-၂၁၅၆၀နှင့် ၀၉-၅၃၀၁၇၈၉ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

စိန်စည်သာသနာ့ရိပ်သာ သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၃

ဒဂုံမြို့သစ်(မြောက်ပိုင်း) ၄၈ ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်ဩဝါဒခံ စိန်စည်သာသနာ့ရိပ်သာ သင်္ကြန်အထူးတရားစခန်းပွဲကို (၁၃၆၉ ခုနှစ် တန်ခူးလဆန်း ၆ ရက်မှ တန်ခူးလပြည့်နေ့အထိ) ဧပြီ ၁၁ ရက်မှ၂၀ရက် အထိ ကျင်းပမည်ဖြစ်ပြီး စိန်စည်ဆရာတော်ကိုယ်တိုင် ဟောကြား ပြသမည် ဖြစ်သည်။ ယောဂီများအနေဖြင့် ဧပြီ ၁၀ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီအရောက် ကြွရောက်နိုင်ကြောင်း၊ ဒုလ္လဘရဟန်း၊ ရှင်သာမဏေ၊ သီလရှင်ဝတ်ဖြင့်လည်း အားထုတ်နိုင်ကြောင်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ ရေ၊ မီး လှူဒါန်းလိုပါက ရိပ်သာဖုန်း-၅၈၁၁၆၇၊ ၀၉၅၁၂၃၀၀၃ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ရေကြည်သစ် ရေဆေးပန်းချီပြပွဲ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ –နှင်းချစ်

ပန်းချီပြပွဲများကို ရန်ကုန်မြို့တွင် မကြာခဏ ခင်းကျင်းပြသလျက်ရှိသည်။ ဤသို့ ပန်းချီပြပွဲများ အရှိန်ကောင်းကောင်းနှင့် ခင်းကျင်းပြသနေကြသော

ပုသိမ် မောင်မောင်သိမ်း၏ လက်ရာမြောက် ပန်းချီကားကို တွေ့ရစဉ်။

လည်း ရေဆေးပန်းချီကားများ ပါဝင်ပြသမှု အင်အားနည်းလွန်းလှကြောင်း လေ့လာမိပါသည်။ ယင်းသို့ ရှိနေစဉ် ဧပြီ ၁ ရက်မှ ၇ရက် အထိ စမ်းချောင်းမြို့နယ်ရှိ SnowFlake ပြခန်းတွင် ရေဆေးမြတ်နိုးသည့် ပန်းချီ ဆရာ ၁၈ ဦးတို့၏ ရေဆေးပန်းချီကားပေါင်း၈၄ကား ပြသထားသည့် "ရေကြည်သစ်" ပန်းချီပြပွဲ ခင်းကျင်းပြသနေသည်။

ရေဆေးပန်းချီ မြတ်နိုးသူတစ်ဦး ဖြစ်သည့် အားလျော်စွာ ပြခန်းသို့ ဧပြီ ၁ရက်တွင် ရောက်ရှိခဲ့ပေသည်။ တန်ခူးလသို့ ချဉ်းကပ်နေသည့် ကာလဖြစ်၍ ပြင်ပရာသီဥတုပူပြင်းလှသည်။ ပြခန်းအတွင်း ရောက်ရှိသည်နှင့် ပန်းချီကားများ၏ ဆွဲဆောင်မှု၌ နှစ်မြုပ်ကာ ပူအိုက်မှုတို့ လွှင့်ပြယ်ခဲ့ရသည်။ ပြခန်းအတွင်း ပန်းချီဆရာများဖြစ်သည့် တင်လှထွန်း၊ ပုသိမ် မောင်မောင်သိမ်း၊ အောင်သိန်း၊ ကြည်ဝင်း (တူဒေး)၊ ထွန်းဖေ၊ မြသောင်း၊ ဝင်းမြင့်မိုး၊ လှသိမ်း အောင်၊ သိန်းမြင့်သိန်း၊ တင်မြ၊ ဇော်ဝင်း (ကြည့်မြင်တိုင်)၊ ကိုမောင်ကျော်သန်း၊ စမ်းချောင်းကိုကိုအောင်၊ လှထွဏ်း၊ အေးမင်း၊ မောင်ဦး(ပေါင်)၊စောတင့်ဝေနှင့် နေဝင်းအောင်တို့၏လက်ရာ ရေဆေးပန်းချီကားပေါင်း ၇၇ ကားကို အစီအရီ ချိတ်ဆွဲပြသထားသည်။

ပြခန်းအတွင်း ခင်းကျင်းထားသည့် ရေဆေး ပန်းချီကားများသည် သဘာဝအစုံ၊ ရှုခင်းအစုံ ဝေဝေဆာဆာပင် ဖြစ်ပေသည်။ ကြည့်ရှုခဲ့သည့် ပန်းချီကားများအနက် အချို့ကို မိတ်ဆက်တင်ပြလိုက်ရပါသည်။

ပုဂံ-ညောင်ဦး၌ အခြေချ နေထိုင်သည့် ပန်းချီဆရာလှထွဏ်း၏ လက်ရာဖြစ်သည့် ပုဂံ-ညောင်ဦးဒေသရှိ သဗ္ဗညုဘုရား၊ နတ်လှောင်းကျောင်းနှင့် ဆိတ်ကျောင်းသားဘဝလေးကို နံနက်အရုဏ် မြင်တွေ့ရမှုကို ခံစားရ၍ ကြည်နူးစွာ ရေးဆွဲထားခြင်းဖြစ်သည်။ ပုဂံ-ညောင်ဦးသို့ လွမ်းမောဖွယ်ဖြစ်ပေသည်။

ရေဆေး ပန်းချီလောကတွင် ရေးရိုးရေးစဉ်မှ ခွဲထွက်ကာ အထူးပြုလုပ်ချက်များ ရေးဆွဲရာတွင် ထင်ရှားသည့် ပန်းချီသိန်းမြင့်သိန်း၏ ပဲခူးမြို့ရှိ လေးမျက်နှာဘုရား ပုံတော်မှာ ကြည်နူးသဒ္ဓါပွားစေသည့် လက်ရာကောင်းတစ်ခုဖြစ်သည်။

၁၉၇၉ ခုနှစ် ရေဆေးပန်းချီပြပွဲ ဖြစ်မြောက်ရေး ကြိုးပမ်းခဲ့သည့် ရေဆေးပန်းချီဆရာ ပုသိမ်မောင်မောင်သိမ်း၏ ကျေးရွာမြင်ကွင်း ဖော်ပြထားသည့် လက်ရာကိုတွေ့ရသည်။ အလင်းအမှောင်၊ ဆေးရောင်စုံသည့် စိတ်ဝင်စားဖွယ် လက်ရာကောင်းဖြစ်သည်။ ကြည်ဝင်းတူဒေး၏ သားသမီးနှစ်ယောက် ဈေးမှအပြန် သရုပ်ဖော် ရေဆေးပန်းချီကားမှာလည်း အရောင်အသွေး ထိထိမိမိ သရုပ်ဖော်ရေးချက်ဖြစ်၍ သဘာဝကျ ပီပြင်လှသည့် လက်ရာဖြစ်သည်။

ပန်းချီကား အားလုံး၏ ရုပ်ပုံ၊ သွင်ပြင်လက္ခဏာ၊ နီးဝေး၊ ဆေးရောင်အနုအရင့်၊ အလင်းရောင် အချိုးအစား ကျနမှုတို့အပြင် ပတ်ဝန်းကျင်၊ ကာလဒေသစသည့် အရာရာ ပေပြေပြစ်ညီညွတ် အသက်ဝင်သည့် ပန်းချီကားများဖြစ်သည့်အလျောက် ပြခန်းတွင်းမှ တော်တော်နှင့်မပြန်နိုင်ခဲ့၊ ပန်းချီကားများ အတွင်းနစ်မြောနေမိသည်။ အနုပညာရသတို့ ဖော်ကျုံးထားသည့် လက်ရာများဖြစ်သည့်အလျောက် စိမ်ပြေနပြေ တစ်ဝကြီးခံစားနိုင်ကြမည့် ပြပွဲတစ်ရပ်ပင် ဖြစ်ပေသည်။

ရေကြည်သစ် ရေဆေးပန်းချီပြပွဲသည် မျက်မှောက် ခေတ်တွင် အတန်ငယ် မှေးမှိန်လျက်ရှိ သော ရေဆေးပန်းချီရေးနည်းစနစ်ကို ဆီဆေးပန်းချီများ၏ ဂုဏ်ဒြပ်ထု၊ နိုင်ငံတကာအဆင့်မီ ရေဆေးပန်းချီကားများအဖြစ် မြင်တွေ့ရသည်။ မြန်မာတို့၏ နှစ်သစ်မင်္ဂလာကို ကြိုဆိုသည့် ပြပွဲတစ်ရပ်ပင် ဖြစ်ပါသည်။ ။

ကြည်ဝင်း(Today) ၏ ရှုမငြီးသည့် ပန်းချီကားကို တွေ့ရစဉ်။

အာဂုံဆောင်နိကာယ်သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၃

ဗဟန်းမြို့နယ် ဓမ္မသုခကျောင်းတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင်ကျမ်းများနှင့် နိကာယ် အဖွင့်ကျမ်းများ ကျမ်းပြုဆရာတော် အရှင်စန္ဒဇောတိ(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)သည် ဝိနယပိဋကတ်ကို အဓိကထား ပို့ချမည့် ဒုတိယအကြိမ်မြောက် အာဂုံဆောင်နိကာယ်သင်တန်းကို ဧပြီ ၂၂ ရက်မှ စတင်ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသော ရဟန်း၊ သာမဏေ၊ သီလရှင်နှင့်လူပုဂ္ဂိုလ်များသည် ဖုန်း-၃၈၀၈၇၅၊ ၃၈၃၄၂၇၊ ၀၉- ၅၃၅၁၈၄၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အစိုးရနိကာယ်စာမေးပွဲ ဖြေဆိုခွင့်ပုံစံများ ကြိုတင်လျှောက်ထားကြရန်လိုအပ်ကြောင်းသိရသည်။ အာဂုံဆောင်နိကာယ်သင်တန်း တက်ရောက်ကြသော သံဃာတော်အပါး ၁၀၀ကျော်တို့အား နေ့စဉ်ဆွမ်းနှင့် ကျမ်းစာအုပ်လှူဒါန်းလိုသူများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(က-ပ)

သာစုကန် ခုနစ်ရက် ဒုလ္လဘစခန်း ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် သာစုကန်ကျေးရွာသာစုကန်ပရိယတ္တိစာသင်တိုက်၌ ကျောက်ဆင်တောရ ပခုက္ကူဆရာတော်ကြီး၏ နည်းနိဿယများကို လိုက်နာ၍ ဧပြီ ၁၁ရက် (သောကြာနေ့)မှ ဧပြီ ၁၈ရက်(သောကြာနေ့) ခုနစ်ရက် ဒုလ္လဘ ရဟန်းဝတ်ကြမည်ဖြစ်သည်။ ဤစခန်းတွင် ခုနစ်ရက် ရဟန်းဝတ်နိုင်မည့် ပုဂ္ဂိုလ်များကို ဦးစားပေးလက်ခံမည်ဖြစ်သည်။ ရဟန်းဝတ်လိုသူများသည် ဦးမြင့်ကြွယ် ၀၉-၅၀၂၆၃၇၆၊ ဦးစိုးမြင့် အိမ်-၆၄၄၇၄၅၊ ဦးအုန်းလွင် အိမ်-၅၀၂၅၅၆၊ ဦးမြင့်လွင် (MWJAရုံး)၂၅၂၄၁၇၊ ဦးမျိုးဝင်း အိမ်-၆၄၁၄၉၁ တို့သို့ ဆက်သွယ်ပြီး သာစုကန်ပရိယတ္တိစာသင်တိုက်သို့ ဧပြီ ၁၁ရက် (သောကြာနေ့) မွန်းတည့် ၁၂ နာရီအရောက် လာရောက်ကြရ မည်ဖြစ်သည်။၂၀၀၇ခုနှစ်က ဤစခန်းတွင် ဒုလ္လဘဝတ်ဖူးသူများ မှတ်ပုံတင် မူရင်း၊ မိတ္တူနှင့်ရဟန်းရက်ချုပ်ယူလာကြရန်နှင့် မဝတ်ဖူးသေးသူများ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်မူရင်းနှင့်မိတ္တူအပြင် လိုင်စင်ဓာတ်ပုံနှစ်ပုံတို့ကို မပျက်မကွက် ယူဆောင်လာကြရန် နှိုးဆော်ထားသည်။

(က-ပ)

အမ်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို မတ် ၂၃ ရက်က အောင်မြေရာ ပရိယတ္တိစာသင်တိုက် မေခအိမ်ရာဝင်း မေခလမ်းသွယ်(၂) (ဆ/ခ)ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်၌ ကျင်းပရာ အသင်းဝင်များနှင့် အမ်းမြို့နယ်သားများက သက်ကြီးဘိုး၊ ဘွားများအား ကန်တော့လက်ဆောင်များ ပေးအပ်စဉ်။

(က-ပ)

လေးမျက်နှာ အထကနှင့် အလက ဒုတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၃

ဧရာဝတီတိုင်း လေးမျက်နှာမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် အလယ်တန်းကျောင်းတို့၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို လေးမျက်နှာအထကခန်းမ၌ ဧပြီ ၃၀ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများသည် ဧပြီ ၂၉ရက်အရောက် ကြွရောက်ကြပါရန် သက်ဆိုင်ရာက ပန်ကြားနှိုးဆော်ထားကြောင်းနှင့် ပါဝင်လှူဒါန်းလိုသောတပည့်ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးမြင့်ဝေ ဖုန်း-၀၁-၆၈၉၅၇၅၊ ဦးသိန်းဝင်း(အဝေရာ) ပုသိမ်မြို့ ဖုန်း- ၀၉၅၂၀၀၄၅၀၊ဦးထွန်းအောင်(ဟသ်ာတ)ဖုန်း-၀၄၄-၂၁၄၈၀၊ ဦးခွန်မောင်သောင်း(ပင်လောင်း) ဖုန်း-၀၈၁- ၅၀၄၄၁၊ဦးတင်ဝင်း၊ဦးကြိုင်ဝင်း လေးမျက်နှာမြို့ ဖုန်း-၀၄၄-၂၂၂၂၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

သင်္ကြန်တွင်းအထူးတရားပွဲ

ရန်ကုန် ဧပြီ ၃

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ ဒက္ခိဏာရာမ ရွှေကျင်ပရိယတ္တိ စာသင်တိုက်မှ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်သာသနာပြု ဓမ္မကထိက ဓမ္မာစရိယဆရာတော် အရှင်စန္ဒသာရ (ကျောင်းကုန်း) အရှင်မြတ်သည် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့ အဖွဲ့ခွဲ(၁၈၁) သုခါဝါသ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီး၏ သင်္ကြန်တွင်း(၁၀)ရက် အထူးတရားစခန်းပွဲကြီးကို ဧပြီ ၁၁ ရက်မှ ၂၀ ရက်အထိ (နေ့စဉ်-နံနက် ၇နာရီမှ၈နာရီ၊ ညနေ ၃နာရီခွဲမှ ၄နာရီခွဲအထိ) ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်းခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါး တရားတော်များကို ဟောကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဗိုလ်စိန်မှန် သီတဂူဓမ္မသဘင်

ရန်ကုန် ဧပြီ ၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်အားကစားကွင်းအတွင်း ကျင်းပမည့်(၁၅)ကြိမ်မြောက် ဗိုလ်စိန်မှန် ဓမ္မသဘင်ကို ဧပြီ ၃ရက် (ကြာသပတေးနေ့)တွင် ဒေါက်တာဓမ္မဿမိ (Ph.D)Oxford England၊ ဧပြီ၄ ရက် (သောကြာနေ့)တွင် ပါမောက္ခချုပ် ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ (M.A,Ph.D) နှင့် ဧပြီ ၅ ရက် (စနေနေ့)တွင် သီတဂူ ဆရာတော် ဒေါက်တာရှင်ဉာဏိဿရ (D.Litt) (Ph.D) တို့က ညစဉ် ၇ နာရီမှ စတင်ပြီး တရားတော်များ ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(က-ပ)

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြု မြိတ်မြို့ကုန်သည်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၃

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြိတ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့နှင့် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်သော ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၃ ရက် နံနက် ၈ နာရီခွဲတွင် မြိတ်မြို့ ကကြီးရပ်ကွက် ကုန်သည်လမ်း၌ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်သည်။

အစီအစဉ်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးကျော်ရွှေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးလှထွန်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်လှစ်နိုင်ခဲ့

ထို့နောက် တိုင်းမှူးနှင့် ဧည့်သည်တော်များက ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ ကတ္တရာလမ်းသစ်မှာ အလျားပေ ၁၄၂၀၊ အကျယ် ၁၈ ပေရှိ ကတ္တရာလမ်း အမျိုးအစားဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူလူထုထည့်ဝင်ငွေကျပ် ၁၁၅၃၀၀၀၀ဖြင့် ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေ ဝေန်တံတား (မြို့ကွင်း) လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဝေန်တံတား(မြို့ကွင်း) တံတား သံပေါင်တပ်ဆင်နေမှုနှင့် ချဉ်းကပ်လမ်းဆောင်ရွက်မှု တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက ဝေန်တံတား(မြို့ကွင်း) တည်ဆောက်ရေး ဟင်္သာတဘက်ကမ်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာမှူးကြီး ဦးကျော်လင်းက ဟင်္သာတနှင့် အင်္ဂပူဘက် ချဉ်းကပ်လမ်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု၊ ပင်မတံတားသံပေါင်တပ်ဆင်နေမှု၊ နန်ကသူချောင်းတံတား တည်ဆောက်နေမှု၊ ကညင်ချောင်းတံတား ပြင်ဆင်ရန်နှင့် ယာယီမော်တော်ယာဉ်ဖြတ်သန်းနိုင်အောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် တံတားသံပေါင်တပ်ဆင်နေမှုအခြေအနေနှင့် ချဉ်းကပ်လမ်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဆောင်ရွက်ပေးသည်။

ဝေန်တံတား(မြို့ကွင်း)ကို တံတား တည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၄)မှ တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး ပင်မတံတားအရှည် ၁၀၃၅ ပေ၊ ချဉ်းကပ်တံတား (ဟင်္သာတ) ဘက်ကမ်း ပေ ၉၆၀၊ အင်္ဂပူဘက်ကမ်း ပေ ၈၄၀ စုစုပေါင်း ၂၈၃၅ ပေ၊ ယာဉ်သွားလမ်း အကျယ် ၂၈ပေ၊ လူသွားလမ်း အကျယ် တစ်ဖက် သုံးပေရှိကာ တံတားအမျိုးအစားမှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတားဖြစ်ပြီး ခံနိုင်ဝန် တန် ၆၀ ဖြစ်သည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် လေးမျက်နှာမြို့နယ် ရေလဲကျေးရွာသို့ ရောက်ရှိရာ တာမိုင် ၂၀ တွင် တိုင်းဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာသို့ ရောက်ရှိရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မောင်သန်းက အရှည် ခုနစ်မိုင်၊ အကျယ် ၁၂ ပေရှိ အိုင်သပြု-အိုင်တို ကျောက်ခင်းလမ်း အပိုင်းလိုက်လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက အိုင်သပြုတံတား ပြင်ဆင်ထိန်းသိမ်းနေမှုကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အင်တာနက်အာကာသ သတင်း

နေစကြဝဠာပြင်ပတွင် ဂြိုဟ်သစ်များ တွေ့ရှိ

ဝါရှင်တန် ဧပြီ ၃

နေစကြဝဠာပြင်ပရှိ အခြားအခြားသော ကြယ်များ(နေ)များကို ဝန်းရံသွားလာနေသော ဂြိုဟ်အသစ် ၁၀ လုံးကို အပြည်ပြည်ဆိုင်ရာ နက္ခတ္တဗေဒပညာ ရှင်များအဖွဲ့က ရှာဖွေတွေ့ရှိကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ် စင်တာဘာဘရာက ဧပြီ ၂ ရက်တွင် ကြေညာသည်။

အပြည်ပြည်ဆိုင်ရာ နက္ခတ္တဗေဒ လေ့လာရေးအဖွဲ့က Super WASP ဟု အမည်ပေးထားသည်။ ထိုအဖွဲ့သည် ဂြိုဟ်ကမ္ဘာသစ်များ ရှာဖွေရေးလုပ်ငန်းကို ဆောင်ရွက်သည်။ ယင်းအဖွဲ့သည် စပိန်နိုင်ငံ ကနေရီကျွန်းနှင့် တောင်အာဖရိကနိုင်ငံရှိ နက္ခတ္တဗေဒဆိုင်ရာ ကင်မရာများကို အသုံးပြု၍ခြောက်လတာလေ့လာရာမှ နေစကြဝဠာပြင်ပရှိ ဂြိုဟ်သစ် ၁၀ လုံးကို တွေ့ရှိခြင်းဖြစ်သည်။

အဆိုပါ လေ့လာရေးအဖွဲ့တွင် အမေရိကန်နိုင်ငံမှ နက္ခတ္တဗေဒပညာရှင် ရာချယ်စထရီနှင့် တင်မ်လစ္စတာတို့ ပါဝင်သည်။ ယခုတွေ့ရှိမှုကြောင့် သိပ္ပံလောကတွင် ဂြိုဟ်ကမ္ဘာများ ဖြစ်တည်လာမှု အယူအဆသည် အပြောင်းအလဲရှိလာနိုင်သည်ဟု လစ္စတာက ပြောကြားသည်။

သိပ္ပံပညာရှင်များသည် ဂြိုဟ်ကမ္ဘာများနှင့် သက်ဆိုင်ရာ နေတို့၏ အပြန်အလှန် ဆွဲငင်အား သတ္တိသဘောသဘာဝကို အသုံးချ၍ ဂြိုဟ်သစ်များကို ရှာဖွေရာ ၁၉၉၀ ပြည့်နှစ်များမှ ယနေ့အချိန်အထိ နေစကြဝဠာ ပြင်ပရှိ ဂြိုဟ်သစ်ပေါင်း ၂၇၀ ခန့်ကို ရှာဖွေတွေ့ရှိထားပြီ ဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

ရေဆေးမြတ်နိုးသည့် ပန်းချီဆရာ ၁၇ဦးတို့၏ ရေဆေး ပန်းချီကားပေါင်း ၇၄ကား ပြသထားသည့်"ရေကြည်သစ်" ပန်းချီပြပွဲ

(အနုပညာသတင်းဆောင်းပါး၊ စာမျက်နှာ-၁၁)

ယနေ့မိုးလေဝသ

၄-၄-၂၀၀၈

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြို့ ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်။